

# အစီစဉ်တကျရှုပ်ထွေးမှု

## မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား တရားမဝင် ကုန်းလမ်းကြောင်း သစ်ကုန်သွယ်မှု

environmental investigation agency

## အသိပေးကျေးဇူးတင်လွှာ

ဤအစီအရင်ခံစာကိုသဘာဝပတ်ဝန်းကျင်စုံစမ်းစစ်ဆေးရေး အဖွဲ့ဗြိတိန်နိုင်ငံမှရေးသားတည်းဖြတ်သည်။ယခုစာတမ်းအား UKaid၊ဥရောပသမဂ္ဂနှင့်အတူတကွဖွံ့ဖြိုးရေးဆိုင်ရာနော်ဝေး အဖွဲ့အစည်း (NORAD) တို့၏ ဘဏ္ဍာရေး အကူအညီဖြင့် ထုတ်ပြန်သည်။ဤထုတ်ပြန်ချက်ပါအချက်အလက်များသည် သဘာဝပတ်ဝန်းကျင်စုံစမ်းစစ်ဆေးရေး အဖွဲ့ဗြိတိန်နိုင်ငံ (EIA)အီးအိုင်အေတခုတည်း၏ တာဝန်ခံချက်သာဖြစ်သည်။

ယခုအစီအရင်ခံစာထုတ်ပြန်နိုင်ရေးအတွက်ကူညီကြသောသူ များအားလုံးကိုအီးအိုင်အေကကျေးဇူးတင်ရှိပြီးကူညီသူများ၏ လုံခြုံရေးအတွက်အမည်ဖော်ပြထားခြင်းမရှိပါ။

စာအုပ်အပြင်အဆင်ကို Design Solutions
www.designsolutions.me.uk

ပြန်နိုင်ရန်ပြုလုပ်ထားသော စာရွက်ဖြင့်ပုံနှိပ်သည်။

စက်တင်ဘာ ၂၀၁၅

တနည်းဖြင့် ဖော်ပြထားသောဓါတ်ပုံများမှအပ ပုံအားလုံးသည် အီးအိုင်အေ၏ မူပိုင်ဖြစ်သည်။

**ENVIRONMENTAL INVESTIGATION AGENCY (EIA)**

62/63 Upper Street, London N1 0NY, UK
Tel: +44 (0) 20 7354 7960
Fax: +44 (0) 20 7354 7961
email: ukinfo@eia-international.org

**www.eia-international.org**

**EIA US**


P.O.Box 53343
Washington DC 20009 USA
Tel: +1 202 483 6621
Fax: +202 986 8626
email: usinfo@eia-international.org

ရှေ့နောက် မျက်နှာဖုံးပုံ - ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံသို့ ဝင်ရန် စောင့်ဆိုင်းနေသော သစ်တင်ကားများ၊ ဧပြီ ၂၀၁၅။

# မာတိကာ

3 နိဒါန်း
4 မြန်မာနိုင်ငံသစ်တောများ၏ အခြေအနေ
6 မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား တရားမဝင်ကုန်းလမ်းကြောင်း သစ်ကုန်သွယ်မှု သမိုင်းအကျဉ်း
8 အီးအိုင်အေ၏တွေ့ရှိချက်များ
20 တရုတ်နိုင်ငံ၏အခန်းကဏ္ဍ

ဒေသများဖော်ပြသည့် မြေပုံ



# နိဒါန်း

## ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် မြန်မာစစ်တပ်သည် ကချင်ပြည်နယ်ရှိ ဝေးလံခေါင်ဖျားပြီး တောတောင်ထူထပ်သော နေရာတခုရှိ တရားမဝင်သစ်ခုတ်လုပ်ငန်းတခုကို ဝင်ရောက်စီးနင်းခဲ့သည်။

အဆိုပါဝင်ရောက်စီးနင်းမှုတွင် နယ်စပ်နှင့်ကပ်လျက်ရှိနေသော ယူနန်ပြည်နယ်မှ နယ်စပ်ကျော်ဖြတ်ပြီး သစ်ပင်များ ခုတ်ယူသယ်ပို့ရန် ငှားရမ်းထားသောတရုတ်နိုင်ငံသား ၁၅၅ ဦးအား ဖမ်းမိခဲ့သည်။ အဆိုပါဖမ်းမိ သော တရုတ်အလုပ်သမားများအား ဇူလိုင်လတွင် မြန်မာအစိုးရက တသက်တကျွန်း ထောင်ဒဏ်များ ချမှတ်လိုက်သောအခါတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တင်းမာသွားခဲ့၏။ ရက်အနည်းငယ်မျှသာ ကြာသောအခါတွင်မူ ဖမ်းမိသူအားလုံးသည် နိုင်ငံတော်သမ္မတ ပေးသောအထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သည်။

အဆိုပါဖြစ်ပုံ ပျက်ပုံဇတ်စုံသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်အကြားဖြစ်ပွားနေသော နက်ရှိုင်း ရှုပ်ထွေးပြီး ခိုးချောင်ခိုးဝှက်နိုင်လှသော တရားမဝင်သစ်ကုန်သွယ်မှုအား မီးမောင်းထိုးပြလိုက်သကဲ့သို့ ဖြစ်သွားခဲ့၏။ မြန်မာနိုင်ငံရှိ အဖိုးတန်ထိပ်တန်းသစ်များအား ဖျက်စီးသည့် အခြေရောက်စေသော သစ်ခုတ်မှုများမှ ရသောသစ်များသည် တရုတ်နိုင်ငံသို့ အတားအဆီးမရှိ ဝင်ရောက်နေခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုမျှ ကြာခဲ့ပြီဖြစ်သည်။ အဆိုပါ တရားမဝင်လုပ်ငန်းသည် တနှစ်လျှင် အမေရိကန်ဒေါ်လာ သန်းရာချီတန်ကြေး ရှိနေသောလုပ်ငန်းဖြစ် နေကာ ကမ္ဘာပေါ်တွင် နိုင်ငံနှစ်နိုင်ငံအကြား တရားမဝင် သစ်စီးဆင်းမှု အများဆုံးထဲတွင် တခုအပါအဝင်ဖြစ်သောလုပ်ငန်းတခုပင် ဖြစ်လာခဲ့သည်။

ပြင်ပမှ အမြင်ဖြင့်ကြည့်လျှင် အဆိုပါ နယ်စပ်ဖြတ်ကျော်သော ကုန်သွယ်မှုသည် ရှုပ်ထွေးပြီး ကမောက်ကမ နိုင်သကဲ့သို့ထင်ရ၏။ ယူနန်နယ်အတွင်းသို့ ဝင်ရောက်လာသော သစ်အများစုသည် မြန်မာအစိုးရနှင့် တကွ ၎င်း၏ စစ်တပ်နှင့် တိုင်းရင်းသား နိုင်ငံရေးအုပ်စုများ ပဋိပက္ခများဖြစ်ပွားနေသော နယ်မြေဖြစ်သည့် ကချင်ပြည်နယ် အတွင်းမှ ခုတ်ယူထားသော သို့မဟုတ် ပြည်နယ်ကိုဖြတ်သန်းပြီးမှ ရောက်ရှိလာသော သစ်များဖြစ်သည်။

ထိုအခြေအနေတွင် အနည်းနှင့်အများ ဘက်မတူကြသော အုပ်စုပေါင်းစုံတို့သည် စစ်ဆေးရေး ဂိတ်ပေါက် များမှတဆင့် သစ်တင်ကားများ ဖြတ်သန်းခွင့်အတွက် အခွန်ကောက်ခံခြင်းမှစ၍ ရွှေချောင်းများဖြင့်ပင် ပေးချေရလေ့ရှိသော တရုတ်လုပ်ငန်းရှင်များအတွက် တောင်လုံးချီ၍ သစ်ခုတ်ခွင့်ပေးခြင်းမျိုး အဆုံးတို့ဖြင့် ဒေသတွင်း သစ်ခုတ်ခြင်းနှင့် သစ်ကုန်သွယ်ရေးတို့မှ အကျိုးအမြတ်ရနေကြ၏။ ကချင်နှင့် ယူနယ်နယ်တို့သည်ထိုကုန် သွယ်မှု၏ ဗဟိုချက်ဖြစ်နေသလို သက်ရောက်မှု၏ အတိုင်းအတာကလည်း ကျယ်ပြန့်လှသည်။ အဆိုပါ နယ်စပ်နေရာအား ဖြတ်ကျော်တင်ပို့လာသော သစ်အရေအတွက်တွင် စစ်ကိုင်းတိုင်းအစရှိသော မြန်မာနိုင်ငံအတွင်း ပိုင်းမှလာသော သစ်များအရေအတွက် များသထက်များလာသလို အဆိုပါသစ်များလည်း တရုတ်တောင်ပိုင်း နှင့် အရှေ့ပိုင်းတို့ရှိ စက်ရုံများသို့ ကုန်ကြမ်းပို့ရသည့်အဆင့်အထိ ကျယ်ပြန့်လာ၏။

အီးအိုင်အေ၏ ကွင်းဆင်းလေ့လာချက်များအရဆိုလျှင် အဆိုပါ အပေါ်ယံရှုပ်ထွေးမှုများ၏ နောက်ကွယ် အတွင်း ပါဝင်သူအမျိုးမျိုးတွင် သစ်များဆက်လက်တင်ပို့နေနိုင်ရေးအတွက် မသိမသာ သဘောတူညီမှု ယူပြီးသောတိကျသည့် တာဝန်ခွဲမှုများ အသီးသီးရှိနေကြသည့် စနစ်ကျအသေးစိတ်သော ထောက်ပံ့ဖြန့်ချီရေး လုပ်ငန်းစဉ်တခုရှိနေပြီး ဖြစ်သည်ကိုတွေ့ရ၏။ ထိုလုပ်ငန်းစဉ်အတွင်း အခရာကျသော သူများမှာ သစ်ခုတ်ခွင့် ပြန်ရောင်းသော အဆက်အသွယ်ကောင်းသည့် ကြားခံလူများ၊ ဖြတ်သန်းသော နေရာအချို့တွင် ကုန်သွယ်မှုအားလက်ဝါးကြီး အုပ်ထားသော စီးပွားရေးလုပ်ငန်းရှင်အုပ်စုများ၊ အကောက်ခွန်အား ဖြတ်သန်းပြီး အခွန်ငွေပေးချေခြင်းအားဖြင့် သစ်များအား တရားဝင်ဖြစ်အောင်ပြုသော တရုတ်နိုင်ငံဘက်ခြမ်းမှ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများတို့ ဖြစ်ကြသည်။

ထိုတရားမဝင်ကုန်သွယ်မှု၏ အရှိန်အမြင့်ဆုံးအချိန်မှာ ၂၀၀၅ခုနှစ်ဖြစ်ပြီး ထိုနှစ်တွင်ကုဗမီတာတသန်းမျှရှိ သောသစ်လုံးများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာခဲ့ကြသည်။ ထို့နောက် တရုတ်အာဏာပိုင်များက ထိုကုန်သွယ်မှုအား ဖမ်းဆီးနှိမ်နင်းသောအခါ နှစ်အနည်းငယ်ခန့် ရပ်တန့်သွားခဲ့၏။သို့သော် ရပ်တန့်မှုမှာ ခေတ္တခဏသာဖြစ်ပြီး ယခုအခါ ထိုလုပ်ငန်းအတိုင်းအတာသည် အရှိန်အမြင့်ဆုံးအဆင့်များဆီသို့ ရောက်လုနီးဖြစ်လာပြန်သည်။ ထိုကုန်သွယ်မှုသည် ထွက်သမျှသစ်အားလုံးအား ရန်ကုန်ဆိပ်ကမ်းမှ တင်ပို့ရမည်ဟု ဆိုသောမြန်မာ ဥပဒေအရ တရားမဝင်သလို အစိုးရ၏ သစ်အလုံးလိုက်တင်ပို့မှု ပိတ်ပင်ခြင်းကိုလည်း ဝိရောဓိဖြစ်နေစေ၏။ တရုတ်နိုင်ငံတွင် ပြဋ္ဌာန်းထားသော အခြားနိုင်ငံများ၏ သစ်တောဥပဒေအားလေးစားရေးနှင့် တရားမဝင် သစ်ခုတ်မှုတားဆီးရေးမူဝါဒအရလည်း အဆိုပါ ကုန်သွယ်မှုက ဆန့်ကျင်ဘက်ဖြစ်နေသည်။

ယခုအချိန်သည် နှစ်နိုင်ငံစလုံးအတွက် ဆက်စပ်နေသောနယ်စပ်တွင် အကြီးအကျယ် ဖြစ်ပွားနေသော တရားမဝင်သစ်ကုန်သွယ်မှုအား လက်ငင်းထိရောက်သော တားဆီးကိုင်တွယ်မှုပြုရန် အချိန်ကျပြီ ဖြစ်ပါသည်။ ၁၅၅ ဦးသော တရုတ်သစ်ခုတ်သမားများသည် ယခုအချိန်နေရပ်သို့ ပြန်ကြပြီးဖြစ်သော်လည်း ကုန်သွယ်မှုအား တားဆီးမှုမရှိလျှင် ၎င်းတို့နေရာအား အစားထိုးမည့်သူများ ရောက်လာမည်ဖြစ်ပြီး နောက်ထပ်ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့် တောပြုန်းမှုများ ဆက်လက်ဖြစ်ပွားနေမည်သာ ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်စုံစမ်းစစ်ဆေးရေးအဖွဲ့
စက်တင်ဘာ၂၀၁၅။





# မြန်မာနိုင်ငံသစ်တောများ၏ အခြေအနေ

**အထက်ပုံ -**
**မြန်မာ့သစ်လုပ်ငန်းပိုင် သစ်ကွင်း၊ စစ်ကိုင်းတိုင်း။**

ဓဲ ခါင်မြစ်ပုမ်း ဒေသကြီး ( မြန်မာ၊လာအို၊ဗီယက်နမ်၊ထိုင်း၊ကမ္ဘောဒီးယားနှင့်တရုတ်တောင်ပိုင်း) သည် ကမ္ဘာပေါ်တွင် သဘာဝသစ်တောအကျယ်ပြန့်ဆုံးအဖြစ်ရှိနေသာသစ်တောများရှိနေပြီးနိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ဦးစားပေးအဖြစ်အားလုံးကကျယ်ကျယ်ပြန့်ပြန့်လက်ခံထား ကြသောနယ်မြေဖြစ်သည်။ [1] သို့ရာတွင် အဆိုပါနယ်မြေသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းအတွင်းသို့ ကျရောက်နေ၏။အဆိုပါဒေသသည်နိုင်ငံတကာတွင်တောပြုန်းမှုရှေ့အရောက်ဆုံးဆယ်နေရာအနက်တနေရာအပါအဝင် အဖြစ်သတ်မှတ်ခံရသော အခြေအနေ ဖြစ်စေသည့် ၂၀၃၀ ပြည့်နှစ်ရောက်ရှိသည့်အချိန်တွင် သစ်တောဟက်တာပေါင်းသန်း၃၀အထိတောပြုန်းသွားနိုင်သည်ဟုခန့်မှန်းခြင်းခံရသောနေရာလည်းဖြစ်သည်။[2] တောပြုန်းမှုများအတွက် အဓိကကျသော အကြောင်းများမှာ စိုက်ပျိုး စီးပွားလုပ်ငန်းများ ဖြန့်ကျက်လာခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် စည်းစနစ်ခန့်ခွဲခြင်း မရှိသော စက်မှုစီမံကိန်းများဖော်ဆောင်မှုတို့ဖြစ်ကြသည်။ အများအားဖြင့်အဆိုပါအလားအလာများသည်အုပ်ချုပ်မှု အားနည်းခြင်း ၊တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် သစ်တောကာကွယ်ရေး တာဝန်ရှိသော အစိုးရအဖွဲ့အစည်း များအကြား အကျင့်ပျက်ခြစားမှုများတို့ကြောင့် အရင်းခံလာရခြင်း ဖြစ်လေသည်။[3]

မြန်မာနိုင်ငံသည်ဒေသတွင်းတွင်သဘာဝပတ်ဝန်းကျင်အရအကောင်းပကတိရှိနေသေးသောသစ်တောများရှိနေသေးသည့်နိုင်ငံတခုဖြစ်သည်။တကမ္ဘာလုံးအတွက်အရေးပါသောအဆင့်ရှိသည့်တောတန်းများမှာနိုင်ငံ တောင်ပိုင်းရှိတနင်္သာရီတိုင်းနှင့် မြောက်ပိုင်းဒေသပြည်နယ်နှင့်တိုင်းတို့ဖြစ်သည့်ကချင်၊ရှမ်းနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်ရှိ၏။ခန့်မှန်းချေအားဖြင့်နိုင်ငံဧရိယာ၏ တဝက်ခန့်သည်သဘာဝသစ်တောများဖြင့်ဖုံးလွှမ်းနေပြီးဆယ်ရာခိုင်နှုန်းခန့်မှာအဓိကကျသောသစ်တောကြီးများအဖြစ်ရှိနေကြသည်။[4] မြန်မာနိုင်ငံရှိ သစ်တောများသည် လျင်မြန်စွာပြုန်းတီးနေသော အခြေရောက်နေပြီး သစ်တောဖုံးလွှမ်းသော ဧရိယာသည် တနှစ်လျှင်နှစ်ရာခိုင်နှုန်းနှစ်စဉ် ပြုန်းတီးလာ၏။ [5] နိုင်ငံသည် ၂၀၀၁ခုနှစ်မှ၂၀၁၃အတွင်း သစ်တာဖုံးလွှမ်း သောဧရိယာဟက်တာစုစုပေါင်း၁.၇သန်းအထိဆုံးရှုံးခဲ့ပြီးဖြစ်သည်။သစ်တောပြုန်းတီးမှုနှုန်းသည်လည်း၂၀၀၉ခုနှစ်မတိုင်မီတနှစ်လျှင် ဟက်တာပေါင်း၉၇၀၀၀ဆုံးရှုံးရာမှယခုအချိန်တွင်တနှစ်လျှင်ပျမ်းမျှ၁၈၅၀၀၀ဟက်တာဆုံးရှုံးသည့်အခြေအနေအထိနှစ်ဆတိုးလာခဲ့သည်။[6] မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းသည် ဒေသတွင်းအမြင့်ဆုံးနှုန်းများ အနက်တခုအပါအဝင်ဖြစ်လာခဲ့သည်။မြန်မာနိုင်ငံ တောင်ပိုင်းတွင် ရော်ဘာ၊ကြံနှင့်ဆီအုန်းပင်များစိုက်ပျိုးမှုအပါအဝင် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများကျယ်ပြန့်လာမှုသည ရှိနေသေးသောသစ်တောများအတွက်အဓိကခြိမ်းခြောက်မှုတခုဖြစ်နေသည်။[7] တရားမဝင်သစ်ခုတ်ခြင်း သည်လည်းမြန်မာနိုင်ငံရှိ သစ်တောများပြုန်းတီးလာခြင်း၏ အဓိကမောင်းနှင်အားတခုဖြစ်လာခဲ့ပြီး မြန်မာ့သစ်တောများသည် စီးပွားဖြစ်သစ်ခုတ်ခြင်း၏ဒဏ်ကိုအလူးအလဲခံနေရ၏။[8]

ထိုသစ်တောပြုန်းတီးမှုအဟုန်ကြီးလာခြင်းကိုတရုတ်၊ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့ရှိသစ်ကုန်ချောထုတ်လုပ် ရေးနှင့်သစ်စိုက်ပျိုးရေးလုပ်ငန်းများ၏လုပ်ငန်းလိုအပ်ချက်မြင့်တက်လာမှုကလည်းအဓိကအားပေးနေ၏။ အဆိုပါနိုင်ငံသုံးနိုင်ငံစလုံးတွင်နိုင်ငံတွင်းသဘာဝသစ်တောများခုတ်ယူခြင်းအတွက်တင်းကျပ်သော စည်းမျဉ်းများရှိနေသည့်အတွက် အထူးသဖြင့် မြန်မာနိုင်ငံနှင့်လာအိုကဲ့သို့သော သစ်တောကြွယ်ဝသည့် နိုင်ငံများသို့ကုန်ကြမ်းအတွက ဦးလှည့်လာကြသည်။မြန်မာနိုင်ငံတွင်ကျွန်းနှင့်တမလန်းကဲ့သို့သော အဖိုး တန်သစ်များရှိနေသည့်အတွက်အဓိကပြစ်မှတ်ထားခံရသောနိုင်ငံတခုဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တရားမဝင်သစ်တင်သွင်းမှုအမြင့်ဆုံးနိုင်ငံဖြစ်သောတရုတ်နိုင်ငံနှင့်လည်း၂၁၉၂ကီလိုမီတာရှည် သောနယ်စပ်ထိစပ်မှုရှိနေသည့်နိုင်ငံလည်းဖြစ်သည်။[9]

၂၀၁၄ခုနှစ်ဧပြီလတွင်မြန်မာအစိုးရသည်သစ်တောများပြုန်းတီးမှုနှုန်းကိုလျှော့ချရန်အတွက်သစ်အလုံးလိုက်တင်ပို့မှုအားပိတ်ပင်ခဲ့သည်။ သို့ရာတွင်အီးအိုင်အေ၏စစ်ဆေးတွေ့ရှိမှုများအရနိုင်ငံဖြတ်ကျော်သစ်လုံးတင်ပို့မှုများဆက်လက်ရှိနေပြီးတရုတ်နိုင်ငံရှိကြီးမားသော သစ်ကုန်ချောလုပ်ထုတ်ရေးဈေးကွက်အားကုန်ကြမ်း များဆက်လက်ရောက်ရှိနေသေးသည်ကိုတွေ့ရ၏။ နယ်စပ်ဖြတ်ကျော်ပြီး သစ်လုံးများပြောင်ပြောင်တင်းတင်း တင်ပို့နေခြင်းသည် ဥပဒေအား သိသိသာသာ မျက်နှာလွှဲရာရောက်ကြောင်း ပြနေသလိုပင် မြန်မာနိုင်ငံသစ်တောခန့်ခွဲမှုစနစ်တွင်လည်း နှစ်စဉ်သစ်ခုတ် ယူနိုင်သောပမာဏထက်ပိုသောထုတ်ယူမှုမှန်မှန်တိုးနေခြင်းအားဖြင့်စနစ်တကျသဘာဝအရင်းအမြစ်အလွန်အကျွံအမြတ်ထုတ်မှုများ

ကိုဖြစ်ပေါ်နေစေပြန်သည်။၎င်းအခြေအနေမှာသစ်အလုံးလိုက်တင်ပို့ခွင့်မပိတ်ခင်ကပ်လျက်ကာလတွင်အထူးသဖြင့်သိသာနေ၏။ဥပမာအားဖြင့်စစ်ကိုင်းတိုင်းရှိကသာသစ်တောဦးစီးဌာနသည်၂၀၁၃-၁၄သစ်ခုတ်မှုရာသီအတွင်း နှစ်အလိုက်သစ်ခုတ်ခွင့် ၁၂၀၀၀ ပင်သာရှိချိန်တွင် ကျွန်းပင်ပေါင်း ၆၀၀၀၀ ကို ခုတ်ယူခဲ့သည်။[10]

မန်မာနိုင်ငံရှိကုန်းမြေအားလုံးသည်သစ်တောကြိုးဝိုင်း၊ပြည်သူပိုင်ကာကွယ်တော၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဇရိယာအစရှိသဖြင့်မြေအမျိုးအစားခွဲခြားမှုရှိသော်လည်းမြေအားလုံးနိုင်ငံပိုင်ဖြစ်သောကြောင့်သစ်တောအားလုံးနိုင်ငံပိုင်အဖြစ်သတ်မှတ်ထားပြီးသလိုဖြစ်နေ၏။[11] မြန်မာနိုင်ငံရှိသစ်တောများ အားလုံး၏စီမံခန့်ခွဲမှု သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ လက်အောက်နှင့်၎င်း၏လက် အောက်ဌာနခွဲနှစ်ခုဖြစ်သောသစ်တောဦးစီးဌာနနှင့်မြန်မာ့သစ်လုပ်ငန်းတို့၏လက်အောက်တွင်ရှိနေသည်။သစ်တောဦးစီးဌာန၏ တာဝန်သည်နိုင်ငံ၏သစ်တောဥပဒေကိုအကောင်အထည်ဖော်ရန်နှင့်သစ်တောများကိုခန့်ခွဲထိန်းသိမ်းရန်ဖြစ်သည်။ဥပဒေအရမြန်မာ့သစ်လုပ်ငန်းသည်သစ်ခုတ်ခွင့်နှင့်ကုန်သွယ်ခွင့်ရှိသောတခုတည်းသောအာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီးသစ်တောဦးစီးဌာနထက်ပို၍အာဏာရှိသောအဖွဲ့အစည်းတခုဖြစ်သည်။မြန်မာ့သစ်လုပ်ငန်းသည်သစ်တောသယံဇာတအမြတ်အများဆုံးထုတ်နိုင်ရေးရည်ရွယ်ရင်းဖြင့်လက်ဝါးကြီးအုပ်ထားသောအဖွဲ့အစည်းတခုအဖြစ်ရပ်တည်လုပ်ကိုင်နေ၏။ပိုမိုခုတ်ယူပုံများမှာသစ်မျိုးရင်းတခုတည်းအားပမာဏများစွာခုတ်ယူခြင်းနှင့်သစ်လုံးပတ်စံချိန်မမှီသေးသောသစ်များအားခုတ်ယူခြင်း တို့ဖြစ်ကြသည်။
ထိုသို့ပင်လျှင်မြန်မာနိုင်ငံရှိတရားဝင်သစ်တောရေးရာကိုင်တွယ်မှုများကသစ်တောများပြုန်းတီးခြင်းနှင့်အဆင့်မမှီခြင်းတို့အတွက်သိသိသာသာအထောက်အကူပြုနေသည်။
မြန်မာ့သစ်လုပ်ငန်းသည်သစ်ထုတ်ခွင့်အားချုပ်ကိုင်ထားသော်လည်းသစ်ထုတ်ခွင့်ကိုအစိုးရနှင့်နီးစပ်သောလုပ်ငန်း၁၀၀ခန့်အားထပ်ဆင့်လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးထား၏။အဆိုပါလုပ်ငန်းများသည်သစ်ခုတ်ခြင်းနှင့်သယ်ယူခြင်းတို့နှင့်ဆက်စပ်သောလုပ်ငန်းများကိုလုပ်ကိုင်ကြပြီးမြန်မာ့သစ်လုပ်ငန်းအားဝန်ဆောင်မှုပေး သောလုပ်ငန်းများအနေဖြင့်ရပ်တည်ကြသည်။[12]

မြန်မာ့သစ်လုပ်ငန်းသည်ခုတ်ပြီးသစ်လုံးများနှင့်ပင်စည်များကိုအသေးစိတ်အမှတ်အသားပြုရသောတာဝန်ကိုလည်းယူထားသည်။
သစ်တောမူဝါဒအရဆီလျော်သော တံဆိပ်အမှတ်အသားမရှိသောမည်သည့်သစ်လုံးမဆိုခုတ်ယူရောင်းဝယ်ပိုင်ခွင့်မရှိပေ။သဘောတရားအရတွင်အဆိုပါအမှတ်အသားစနစ်သည်ထုတ်လုပ်ဖြန့်ချီခြင်းအဆင့်များတွင်သစ်လုံးများကိုမည့်သည့်နယ်မှလာသည်၊မည်သည့်ထုတ်လုပ်ရေးလုပ်ငန်းများမှအ ဆင့်ဆင့်ဖြတ်သန်းလာသည်။
အခွန်မည်မျှပေးပြီးဖြစ်သည် စသည်တို့ကို အသေးစိတ် အတိအကျ မှတ်သားထားခြင်းအားဖြင့် သစ်လုံး၏ နောက်ကြောင်းလိုက်ရန် အခွင့်ပေး၏။ မြန်မာ့သစ်လုပ်ငန်းသည် သိုလှောင်ရုံများတွင် သစ်လုံးများကို မူလထုတ်ယူရာ နေရာအလိုက်ခွဲခြား မှတ်သားထားခြင်း မရှိသည့် အတွက် နေရာပေါင်းစုံမှလာ သောသစ်ပေါင်းစုံတို့ရောနှောသွားသည်။[13] ထို့ကြောင့် မည်သည့်နေရာမှ လာသောသစ်ဖြစ်စေ ထုတ်လုပ်ဖြန့်ချီရေးစနစ် အတွင်းသို့ တရားဝင်ဖြစ်စေရေးအတွက် နောက်ကြောင်း လိုက်နိုင်သောအဆင့်များမလိုပဲ တရားဝင်စာရွက်စာတမ်းသက်သက်ဖြင့် အလွယ်တကူ ရောနှောဝင်ရောက် သွားနိုင်လေသည်။[14]

သဘောတရားအရချမှတ်ထားသောဥပဒေဘောင်နှင့်နောက်ကြောင်းလိုက်သောစနစ်နှစ်ခုလုံးသည် စနစ်ကျသလိုထင်ရသော်လည်း လက်တွေ့တွင်မြန်မာ့နိုင်ငံရေးနောက်ခံအခြေအနေကြောင့်ချိုးဖောက်မှုများကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသည်ကိုတွေ့ရသည်။မြန်မာ့သစ်လုပ်ငန်း၏ဦးစားပေးအချက်သည်အစိုးရနှင့်မဟာမိတ်သစ်ကုမ္ပဏီများအတွက်ဝင်ငွေဖန်တီးရေးဖြစ်သည်။သစ်တောရေးရာတွင်လည်းလာဘ်စားမှုများကျယ်ပြန့်စွာဖြစ်ပေါ်နေ၏။၂၀၁၄ခုနှစ်တွင်နိုင်ငံတကာပွင့်လင်းမြင်သာရေးအဖွဲ့အစည်းကမြန်မာနိုင်ငံအားအကျင့်ပျက်ခြစားမှုအဆင့်သတ်မှတ်ချက်တွင်နိုင်ငံပေါင်း၁၇၅နိုင်ငံအနက်၁၅၆မြောက်အဆိုးဆုံးအဖြစ်သတ်မှတ်ခဲ့သည်။[15]
I၂၀၁၅ခုနှစ်မေလတွင်မြန်မာ့ သစ်တောရေးရာဦးစီးဌာနက ၎င်း၏ဝန်ထမ်းများအနက် ၇၀၀ခန့်ကိုလာဘ်စားမှုအတွက် အရေးယူခဲ့ကြောင်းကြေငြာခဲ့သည်။[16]

မြန်မာနိုင်ငံ၏ရှုပ်ထွေးသော သမိုင်းကြောင်းနှင့် တိုင်းရင်းသားလူမျိုးများစုံလင်မှုတို့ကြောင့် နိုင်ငံ၏ကြီးမား သောနယ်မြေအချို့မှာ အစိုးရတိုက်ရိုက်အုပ်ချုပ်မှု၏ အပြင်ဘက်တွင် ရှိနေကြသည်။ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်ကဲ့သို့သော အဆိုပါနယ်မြေများတွင် အများအားဖြင့် သစ်တောထူထပ်နေပြီး ဗျူဟာကျသော အရေးပါသည့် နယ်စပ်နေရာများ ဖြစ်နေကြ၏။ အဆိုပါပြည်နယ်များရှိ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများသည် အများအားဖြင့် ဗဟိုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူပြီးဖြစ်သော်လည်း အစိုးရ၏သစ်တောဦးစီးဌာနခန့်ခွဲမှု ၏အပြင်ဘက်တွင် ရှိနေကြသည်။ ကရင်ပြည်နယ် ကဲ့သို့သောထိုင်းနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသောပြည်နယ်တွင်မူ မြန်မာ့သစ်လုပ်ငန်း က ခွင့်ပြုသောသစ်ခုတ်ခြင်းများ ရှိသော်လည်း ဥပဒေလိုက်နာမှုနည်းပါးသည့်မွမ်းမံထားသည့် သစ်ခုတ်ခွင့် လုပ်ငန်းစဉ်များဖြင့် လုပ်ကိုင်နေကြ၏။ သို့သော် ယေဘုယျအားဖြင့်မူ မြန်မာ့သစ်တောဥပဒေအရ တိုင်းရင်းသားပဋိပက္ခများဖြစ်ပွားနေသောဒေသများတွင် သစ်ခုတ်ခြင်းသည်တရားမဝင်ပဲထိုနေရာမှသစ်များအားလုံးကိုတရားမဝင်ဖြစ်စေ၏။
မြန်မာ့သစ်လုပ်ငန်းသည်သစ်ခုတ်ခြင်းကိုကြီးကြပ်ခြင်းပြုသလိုသစ်ကုန်သွယ်ရေးကိုလည်းထိန်းချုပ်၏။တရားဝင်ဖြစ်စေရန်အတွက်သစ်များအားလုံးသည်မြန်မာ့သစ်လုံးငန်း၏တူထုသောတံဆိပ်ပါရမည်ဖြစ်ပြီးရန်ကုန်မှတဆင့်သာတင်ပို့ရမည်ဖြစ်သည်။[17]
မြန်မာ့သစ်လုပ်ငန်းမှ ဦးစီးသောစနစ်ဖြင့် ထုတ်လုပ်ထားသော သစ်များကိုရှင်းလင်း တိကျသည့် ထုတ်ပြန်ခြင်းမရှိသော လေလံတင်ရောင်းချခြင်းအားဖြင့်အစုလိုက် ထုတ်ရောင်း၏။သစ်အလုံးလိုက်တင်ပို့မှုမပိတ်ခင်အချိန်အထိတရားဝင်ထုတ်ပြန်ချက်များအရအိန္ဒိယနိုင်ငံသည်မြန်မာနိုင်ငံမှသစ်တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်ပြီးတရုတ်နိုင်ငံကဒုတိယလိုက်သည်။၂၀၁၀မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများမပြုလုပ်ခင်အထိအမေရိကန်ပြည်ထောင်စုနှင့်ဥရောပသမဂ္ဂတို့ကမြန်မာနိုင်ငံ အတွင်းမှ၎င်းတို့ထံသို့တိုက်ရိုက်သစ်တင်ပို့ခွင့်ကိုပိတ်ပင်ထားသည်။၎င်းပိတ်ပင်ထားမှုများကိုယခုအခါ ပယ်ဖျက်လိုက်ပြီဖြစ်ပြီးအထူးသဖြင့်ကျွန်းသစ်ဝယ်လိုအားသည်အဆိုပါဈေးကွက်အတွင်းမြင့်တက်လာခဲ့ သည်။၂၀၁၄ခုနှစ်ဩဂုတ်လတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနကမြန်မာ့သစ်လုပ်ငန်းနှင့်စပ်လျဉ်းသောပိတ်ပင်မှုများကိုယာယီရုပ်သိမ်းပေးခဲ့ပြီးအမေရိကန်ကုမ္ပဏီများကိုတိုက်ရိုက်ကုန်သွယ်ခွင့်ပေးခဲ့၏။[18] မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂနှင့် ဆန္ဒအလျောက် နှစ်ဘက်သစ်ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှု သဘောတူညီချက်အတွက် တွေ့ဆုံဆွေးနွေးမှုများကို စတင်လုပ်ဆောင်လာခဲ့၏။

တမလန်းပင်၊ စစ်ကိုင်းတိုင်း။



အားနည်းသောသစ်တောရေးရာအုပ်ချုပ်မှုနှင့်ဆန့်ကျင်ဘက်ပင်ကျွန်းနှင့်တမလန်းအစရှိသောတန်ဖိုးကြီး သစ်ပမာဏအတော်များများကို မြန်မာ့အာဏာပိုင်များကဖမ်းဆီးခဲ့ပြီးအများစုသည်မြန်မာ့သစ်လုပ်ငန်းသို့ ရောက်ရှိကာလေလံတင်ရောင်းချနေခဲ့၏။၂၀၁၃ဧပြီလနှင့် ဒီဇင်ဘာလအကြားတွင်အစိုးရသည်သစ်တန်ချိန် ပေါင်း၃၅၀၀၀ကိုဖမ်းဆီးခဲ့ပြီး၎င်းတို့အနက်တန်ချိန်၅၀၀၀မှာကျွန်းသစ်များဖြစ်ကြသည်။[19] ၂၀၁၄ ဧပြီလ ၁ရက်မှ စတင်အတည်ဖြစ်ခဲ့သော သစ်အလုံးလိုက်တင်ပို့ခြင်း ပိတ်ပင်မှုထုတ်ပြန်အပြီး သုံးလအတွင်းတွင်ပင် တရားမဝင်သစ်တန်ချိန် ၂၀၀၀၀ကျော်ဖမ်းမိခဲ့ပြီး ၎င်းတို့အနက် တန်ချိန်၅၀၀၀မှာ တမလန်းသစ်များ ဖြစ်၏။ အဆိုပါထုတ်ပြန်ချက်များ ကို အမည်မဖော်လိုသော သစ်တောအရာရှိတဦးက မှတ်ချက်ပေးရာတွင် ယခုနှစ်သစ်ခိုးထုတ်ခြင်းသည် ယခင်နှစ်ထက်ပိုများပြီး တရုတ်နိုင်ငံသို့ခိုးပို့ရာတွင် အများဆုံးဖြစ်သည်ဟုဆို၏။[20] ၂၀၁၅ဇန်နဝါရီတွင် ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အဓိက တရားမဝင်သစ်ဖမ်းဆီးမှုတွင်တရုတ်နိုင်ငံသား၁၅၅ဦးဖမ်းဆီးခံရပြီးတသက်တကျွန်းချထားခံရခြင်းကြောင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တင်းမာမှုဖြစ်ပေါ်ခဲ့သော်လည်း ဖမ်းဆီးခံရသူများ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်ပြန်လည်လွတ်မြောက်လာခဲ့သည်။ [21]



# မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား တရားမဝင်ကုန်းလမ်းကြောင်း သစ်ကုန်သွယ်မှု သမိုင်းအကျဉ်း

ယူနန်ပြည်နယ်၊ ပြင်မတွင် သစ်ကုန်သည်များ မြန်မာနိုင်ငံမှ လာသော သစ်များကို စစ်ဆေးနေပုံ၊ ၂၀၁၂။

မြန်မာနှင့်တရုတ်နိုင်ငံတို့အကြားတရားမဝင်ကုန်းလမ်းကြောင်းသစ်ကုန်သွယ်မှုသည်နှစ်ပေါင်း၂၅နှစ်ကျော် ကြာရှိနေခဲ့ပြီးဖြစ်သည်။ ၄င်းကုန်သွယ်မှုသည်ပဋိပက္ခများ၊အပစ်အခတ်ရပ်ဆဲမှုများ၊စီးပွားကျမှုများ၊အစိုးရမူဝါဒအပြောင်းအလဲများ၊ယာယီနိမ်နင်းမှုများနှင့်ပေါ် ဦးစနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအကြားမှာပင်ဆက်လက်ရှင်သန်နေခဲ့၏။အဆိုပါသစ်ကုန်သွယ်မှုသည်၁၉၉၀ပြည့်နှစ်များအတွင်းမှ န်မှန်တိုးတက်နေခဲ့ပြီး၂၀၀၅ခုနှစ်အရောက်တွင်ကုန်သွယ်မှုအမြင့်ဆုံးအဆင့်သို့ရောက်ခဲ့သည်။ထိုသို့ထိုးတက်လာသောကုန်သွယ်ေ ရးသည်လူထုအတွင်းမျက်နှာပျက်စရာဖြစ်ရမှုများဖြစ်ပြီးနောက်ပြုလုပ်ရသောမူဝါဒအပြောင်းအလဲများကြောင့်နှစ်အနည်းမျှတန့်သွား ခဲ့ သော်လည်း၂၀၁၃ခုနှစ်တွင်အမြင့်ဆုံးအခြေအနေကိုပြန်ရောက်လာခဲ့သည်။

ကုန်သွယ်မှုပထဝီမြေပြင်အရဆက်စပ်နေသောနေရာများမှာမြန်မာနိုင်ငံရှိကချင်ပြည်နယ်နှင့်တရုတ်နိုင်ငံရှိယူနန်နှင့်၄င်းအတွင်းရှိနယ် စပ်နှင့်ကပ်နေသောနူကျန်၊ဘောင်ရှန်နှင့်ဒီဟောင်မြို့နယ်တို့ဖြစ်ကြသည်။ ကုန်ကြမ်းအဆင့်သာရှိသောသစ်လုံးများမှာလည်း ကီလိုမီတာ၁၀၀၀ကျော်ရှည်သောနယ်စပ်မျဉ်းပေါ်ရှိနိုင်ငံတကာသွားလာရေးလမ်းကြောင်းမှအစခိုးချောင်ခိုးဝှက်သပ်ရသောမြေလမ်း အထိစုံလင်လှသော ဖြတ်လမ်းပေါင်းများစွာမှဝင်ရောက်လာခဲ့ကြသည်။

နူကျန်ပြည်နယ်တွင်မြို့နယ်ကြီးအဆင့်ကုန်သွယ်ပေါက် အဖြစ် အဆင့်သတ်မှတ်ထားသော ပြန်မဆိပ်ကမ်း သည်အဓိက ဖြတ်လမ်းဖြစ်ပြီး ကချင်ပြည်နယ်မြောက်ပိုင်းမှ ခုတ်ယူလာသော တရုတ်ဟမ်းလော့ပင်၊ ဘုဇပတ်ပင်၊ မေပယ်ပင်အစရှိသည့် သစ်မျိုးပင်များ ထိုလမ်းမှတရုတ်ပြည်သို့ ဝင်လာကြ၏။ ဘောင်ရှန်ပြည်နယ်တွင်မူ ဇမူးဟုခေါ်သော တန်ဖိုးနည်းသစ်ဖြစ်သည့် ကချင်ပြည်နယ်အတွင်းမှ ခုတ်ယူ လာသောကညင်သစ်များသည် ဟူကောင်းအစရှိသော တရုတ်အစိုးရကောင်စီ၏ နယ်စပ်စီးပွား ပူးပေါင်းဆောင်ရွက်ရေး နယ်မြေအဖြစ် သတ်မှတ်ခံထားရသောနေရာများမှ ဝင်ရောက်လာကြသည်။ ဒီဟောင်ပြည်နယ်တွင်လည်း ရွှီလီမြို့အတွင်းရှိကြိုင်ကောင်ပို့ကုန်ခန့်ခွဲရေးအထူးနယ်မြေမှတဆ င့်သစ်များအစုလိုက်အပြုံလိုက်ဝင်လာကြသည်။ဤနေရာရှိကုန်သွယ်သောသစ်များမှာမူစစ်ကိုင်းတိုင်း၊ကချင်ပြည်နယ်တောင်ပိုင်းနှင့်ရှ မ်းပြည်နယ်မြောက်ပိုင်းတို့မှလာသောတန်ဖိုးကြီးကျွန်း၊တမလန်းနှင့်ပိတောက်သစ်များဖြင့်လွှမ်းမိုးနေ၏။တရားမဝင်သစ်များနယ်စပ် သို့ဖြတ်ကျော်ဝင်ရောက်လာပြီးလျှင်ကုန်သယ်များထံသို့အကြမ်းထည်သစ်လုံးများသို့မဟုတ်ခါးရွှေပြီးသစ်လုံးများအဖြစ်ရောင်းချကြ ပြီး၄င်းတို့အနက်မှအဖိုးတန်သော သစ်များကိုမ ူသုံးရက်ကားခရီးရှိသောကွမ်ကျိုးရှိတရုတ်၏အဓိကသစ်အချောထည်ထုတ်လုပ်သည့်ဇဟိုဋ္ဌာနသို့တင်ပို့သည်။

မြန်မာနိုင်ငံဘက်ခြမ်းနယ်နမိတ်စိုးမိုးမှုကမူရှုပ်ထွေးပြီးအပြောင်းအလဲမြန်၏။မြန်မာအစိုးရနှင့်၄င်း၏စစ်တပ်ထိန်းချုပ်မှုသည်ကချင်ပြည်န ယ်၏ ၆၀% သော နယ်မြေအပေါ်တွင်သာသက်ရောက်ပြီး ကျန်နယ်မြေကို ကေအိုင်အိုနှင့်၄င်း၏လက်နက်ကိုင်အဖွဲ့အစည်း ကေအိုင်အေအမှူးပြုသောအဖွဲ့နှင့် ကချင်ဒီမိုကရေစီသစ် တပ်မတော် (NDAK) အစရှိသော တိုင်းရင်းသားနိုင်ငံရေးအုပ်စုနှင့် လက်နက်ကိုင်အုပ်စုများက ခွဲခြမ်း ထိန်းချုပ်ကြသည်။ သစ်ခုတ်သောမူလနေရာများမှ ကချင်ပြည်နယ်အား ဖြတ်ပြီးတရုတ်နိုင်ငံသို့ သွားမည်ဖြစ်သော တရားမဝင်သစ်များသည ်ပြည်နယ်အတွင်းရှိအစိုးရနှင့်တကွအဖွဲ့အမျိုးမျိုးကထိန်းချုပ်သောဂိတ်များကိုဖြတ်သန်းရပြီးဖြတ်သန်းသူများကိုဂိတ်ထိန်းချုပ်ထားသူ များကပုံမှန်မဟုတ်သောအခွန်ငွေကောက်ခံကြ၏။ အဆိုပါနယ်မြေအတွင်းတွင်ရှုပ်ထွေးလှသောအဖွဲ့ပေါင်းစုံတို့သည်အမြတ်အစွန်းငွေရရေးအတွက်လုပ်ကြရန်လျှို့ဝှက်သဘောတူညီ ထားကြသည့်အလားသစ်ခုတ်ရာနေရာများနှင့်ပို့ဆောင်ရေးလမ်းကြောင်းများကို သူ့ထက်ငါဦးအောင်ထိန်းချုပ်နိုင်ရေး ကြိုးပမ်းနေကြလေသည်။အဆိုပါအဖွဲ့များတွင်ဒေသခံအစိုးရဝန်ထမ်း များ၊ကချင်ပြည်နယ်တွင်းအစိုးရစစ်တပ်အရာရှိများ၊တိုင်းရင်းသားနိုင်ငံရေးအုပ်စုများ၊ကချင်နှင့်တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့်၄င် းတို့အကြားကြားခံပြုပေးသောပွဲစားများတို့ပါဝင်ကြသည်။ ဖြစ်နေကျဥပမာ တခုမှာကချင်ပြည်နယ်တွင်းနေရာများတွင ် သစ်ခုတ်ရန်တောင်အလုံးလိုက်ရောင်းဝယ်မှုပြုကြခြင်းဖြစ်သည်။ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDAK) ကဲ့သို့သော ဒေသတွင်း လက်နက်ကိုင်အုပ်စုများသည် သီးသန့်နေရာသတ်မှတ်ပြီးကာလ အပိုင်းအခြားအားဖြင့် တနစ်သတ်မှတ်ကာ သစ်ခုတ်ခွင့် ပေးလေ့ရှိသည်။ ထိုသို့သစ်ခုတ်ခွင့်အား ယူနန်နယ်အတွင်းရှိ တရုတ်စီးပွားရေးလုပ်ငန်ရှင်များ အုပ်စုတခုက သစ်လုပ်ကွက်နှင့် နယ်စပ်သယ်ပို့ ရေးလမ်းကြောင်းပေါ် ရှိ ထိန်းချုပ်ထားသူများနှင့် အဆက်အသွယ်ရှိသော ပွဲစားများမှတဆင့် ဝယ်ယူကြသည်။ ဝယ်ယူမှုသဘောတူညီပြီးလျှင် အဆိုပါလုပ်ငန်းရှင်များလည်း ၄င်းတို့ပြည်နယ်အတွင်းရှိ တရုတ်အလုပ်သမားများကို ငှားရမ်းသော ကုမ္ပဏီငယ်များကို လက်ခွဲပြန်ချပေးပြီး သစ်ခုတ်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်း ကိုလုပ်ကိုင်စေသည်။

၄င်းတရားမဝင်သစ်ကုန်သွယ်မှုသည် တရုတ်နိုင်ငံအတွင်းမှ ဈေးချိုသောကုန်ကြမ်းရရှိရေးဝယ်လိုအား တခုတည်း အပေါ်တွင်သာ အခြေခံလည်ပတ်နေပြီး ဒေသတွင်းနှင့် နိုင်ငံအဆင့်တရုတ်နိုင်ငံဘက်မှ မူဝါဒများနှင့် ကချင်ပြည်နယ်မှ ပဋိပက္ခများ၊ လာဘ်စားမှုများနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းတို့ ကလည်း အဆင်းဘီးတွန်းပေးနေသည်။ ထိုသို့ကုန်ကြမ်းတောင်းဆိုမှုများသောနိုင်ငံနှင့် ဆက်နေသည့် မတည်ငြိမ် သည့်နယ်မြေအတွင်း သဘာဝအရင်းမြစ်များကြွယ်ဝသော အခြေအနေရှိနေပြီးစိမ့်ဝင်လွယ်သော နယ်ခြား မျဉ်းလည်းရှိနေသည့်အခါတွင် ကချင်၊ရှမ်းနှင့်စစ်ကိုင်းတိုင်းဒေသတို့အတွင်း ရှိသစ်တောများနှင့် ၄င်းတောများကို စားဝတ်နေရေးနှင့် ဂေဟစနစ်လုံခြုံရေးအားဖြင့် မှီခိုနေရသော တိုင်းရင်းသားအုပ်စုများ အတွက် ကံဆိုးကပ်ဆိုက်မှုများဖြစ်ပေါ်စေတော့သည်။

လက်ရှိ အကြီးအကျယ်တရားမဝင်သစ်ကုန်သွယ်မှုအား ဦးတည်စေသောဖြစ်ရပ်များကို အစဉ်ခွဲကြည့်မည် ဆိုလျှင်အဆင့်သုံးဆင့်တွေ့ရမည်ဖြစ်သည်။ ပထမအဆင့်တွင် ၁၉၈၀ပြည့်နှစ် လွန်နှောင်းပိုင်းနှစ်များတွင် တရုတ်နှင့်မြန်မာတို့ နှစ်ဦးသဘောတူကုန်သွယ်ရေးသဘောတူညီချက်များ တောက်လျှောက် ပြုလုပ်လာမှုနှင့် ဒေသတွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်များချုပ်ဆိုလာနိုင်မှုကို တွေ့ရမည်ဖြစ်ပြီး ထိုဖြစ်စဉ်များကြောင့် ယခင်ကုန်တွင်းပိတ်နေရာမှာ လမ်းပွင့်လာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်းတွင် ယူနန်နယ်အစိုးရနှင့်လည်း ၁၉၈၉ နောက်ပိုင်းတွင် သစ်တောရေးရာသဘောတူညီချက်တခုအပါအဝင် သဘောတူညီချက်အများ အပြား လက်မှတ်ထိုးနိုင်ခဲ့သည်။ ထိုတနှစ်တည်းတွင်ပင် ကချင်ဒီမိုကရေစီသစ်တပ်မတော်နှင့် မြန်မာအစိုးရတို့ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးအပြီးတွင် ကချင်မြောက်ပိုင်းကြီးမား သောနယ်မြေတခုအား သစ်ခုတ်နိုင်ရေးလမ်းဖွင့်ပေးသကဲ့သို့ဖြစ်သွားခဲ့၏။ အဆိုပါကာလ စတင်ချိန်တွင် သစ်ခုတ်မှုနှင့် ကုန်သွယ်မှုမှာပမာဏ မကြီးမားသေးပဲ ဒေသတွင်းသုံးရန်ခုတ်ယူကာ မြည်းများဖြင့်သာ သယ်ဆောင်သုံးစွဲသည့်အဆင့်သာ ရှိသေးသည်။ နောက်ထပ်ဆယ်စုနှစ်တခုကြာသည့်အခါတွင်မူ အကောင်းပကတိ ရှိနေသေးသည့် ကချင်ပြည်နယ်၏ ရှေ့တန်းကျသောသစ်တောများအား အမြတ်ထုတ်ခုတ်ယူရန်အတွက် လမ်းပွင့်လာခဲ့ပြန်သည်။ ဂြိုဟ်တုမှလေ့လာမှုမှတ်တမ်းများအရ ၁၉၇၈-၈၉နှင့် ၁၉၈၉-၉၆ ကာလအတွင်း ကချင်ပြည်နယ်တွင်းသစ်တောပြုန်းတီးမှုမှာ သုံးဆကျော်အထိရှိလာပြီး သစ်ခုတ်ခြင်းက အဓိကအကြောင်း ခံဖြစ်ခဲ့သည်။ [23]

"ငင်းတရားမဝင်သစ်ကုန်သွယ်မှုသည်တရုတ်နိုင်ငံအတွင်းမှဈေးချိုသောကုန်ကြမ်းရရှိရေးဝယ်လိုအားတခုတည်းအပေါ်တွင်သာအခြေခံလည်ပတ်နေပြီး "

ဒုတိယအဆင့်တွင် နယ်စပ်ဖြတ်ကျော်သစ်ခိုးကုန်သွယ်မှုသည် ၁၉၉၀ပြည့်နှစ်များမှစပြီး ၂၀၀၅အထိ လျင်မြန်စွာပြန့်ပွားတိုးတက်လာခဲ့ပြန်သည်။ ၁၉၉၇ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား သစ်ထွက်ကုန်ကုန်သွယ်မှု ကုဗမီတာသည် ၃၀၀၀၀၀ သာရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ကုဗမီတာ ၁.၆သန်း အထိရောက်ရှိလာခဲ့သည်။ [24] အဆိုပါ စုစုပေါင်းတွင် ကုဗမီတာ၁သန်းခန့်မှာ ယူနန်ပြည်နယ်သို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာခဲ့သည့် တရားမဝင်သစ်များ ဖြစ်ကြသည်။[25] ထိုသို့ တိုးပွားလာစေသည့် အဓိကအကြောင်းရင်းများမှာ ယူနန်ပြည်နယ်တွင်း သစ်ခုတ်မှုပိတ်ပင်သည့် ၁၉၉၇ ခုနှစ်ထုတ်ပြန်ချက်နှင့် တရုတ်နိုင်ငံလုံးဆိုင်ရာ သစ်ခုတ်မှုပိတ်ပင်သည့် ၁၉၉၈ခုနှစ် ထုတ်ပြန်ချက် တို့ဖြစ်သည်။ ချက်ချင်း ဆိုသလိုပင် ယူနယ်နယ်ရှိ သစ်ထုတ်လုပ်ရေးလုပ်ငန်းမှာ ပြိုလဲသွားခဲ့ပြီး ကုန်ကြမ်းအတွက် ကချင်ပြည်နယ် ဘက်သို့ပိုလှည့်လာခဲ့သည်။ ကေအိုင်အိုနှင့် မြန်မာအစိုးရတို့ ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးလိုက်ခြင်းကလည်းများပြားလှသော သစ်တောဧရိယာများ သစ်ခုတ်ခံရရေး လမ်းပွင့်သွားစေခဲ့သည်။

တတိယအဆင့်ဖြစ်စဉ်များမှာ ၂၀၀၆ခုနှစ်တွင် စတင်ခဲ့ပြီးအစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အစီရင်ခံစာများနှင့် စာနယ်ဇင်းလောကတို့က မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားနေသော ကြီးထွားလာ နေသည့် တရားမဝင်သစ်ခုတ်မှုနှင့် ကုန်သွယ်မှုတို့ကို မီးမောင်းထိုးပြလိုက်ခြင်းမှ စတင်ခဲ့သည်။ မြန်မာဗဟိုအစိုးရဘက်မှလည်း မြန်မာ့သစ်လုပ်ငန်းလမ်းကြောင်းများနှင့် ၎င်း၏ စီးပွားဖက် မဟာမိတ်များထံသို့ စီးဆင်းရမည့်သစ်ဝင်ငွေများ ဆုံးရှုံးနေသည်ကို သတိမူမိလာခဲ့သည်။ ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံသစ်တောဝန်ကြီးက မြန်မာနိုင်ငံ၏ များပြားလှသောသစ်များသည် တရားမဝင်နယ်စပ် ကုန်သွယ်ခြင်း ပြုခံနေရသည်ဟု တရားဝင်ဝန်ခံမှုပြုခဲ့သည်။ လအနည်းငယ်ကြာသည့်အခါတွင် တရုတ်အာဏာပိုင်များက ၎င်းစိုးရိမ်မှုများကို တုန့်ပြန်ခဲ့ပြီး နယ်စပ်သစ်စီးဆင်းမှုကို ထိန်းချုပ်ခဲ့သည်။ မတ်လတွင် ယူနန်အစိုးရက နယ်စပ်မှသစ်များတင်သွင်းခြင်းကို ရပ်ဆိုင်းခဲ့ပြီး တရုတ်နိုင်ငံသားများ နယ်စပ်ဖြတ်ကျော်သစ်ခုတ်ခြင်းအား တားမြစ်ခဲ့သည်။ [26]

၂၀၀၆ခုနှစ်မေလတွင် ယူနန်အစိုးရသည် မြန်မာနှင့် ယူနန်နယ်အကြား သစ်ကုန်သွယ်မှုကို ခန့်ခွဲရန် ရည်ရွယ်သောစည်းမျဉ်းတခုကို ထုတ်ပြန်ခဲ့သည်။ [27] ၎င်းစည်းမျဉ်းက သစ်လုပ်ငန်းပူးပေါင်း ဆောင်ရွက်ရေး စီမံချက်၏ထောက်ခံချက်များ တောင်းခံခြင်း၊ နယ်မြေတခုအတွက် မှတ်ပုံတင်သော သစ်တင်သွင်းသူငါးဦးထားရှိခြင်းနှင့် မြန်မာဗဟိုအစိုးရဘက်မှထောက်ခံချက်လိုအပ်ခြင်းများပါဝင်ခဲ့သည်။ ၂၀၀၆ခုနှစ်နှစ်ကုန်ပိုင်းတွင် သတင်းရရှိခဲ့သည်များမှာ အချို့နယ်စပ်ကုန်သွယ်ရေးများတွင် သစ်ကုန်သွယ်ခြင်းကို ရွေးချယ်ထားသောကုမ္ပဏီများအတွက် ပမာဏကန့်သတ်ချက်ဖြင့် ကုန်သွယ်ခွင့် ပေးခဲ့သည်ဟုဆို၏။[28] တရုတ်နိုင်ငံ၏ အကောက်ခွန်မှတ်တမ်းများအရ အဆိုပါ ကန့်သတ်ခြင်း များသည် နှစ်နိုင်ငံသစ်ကုန်သွယ်မှုကို နှစ်အတော်ကြာ ဖိနှိပ်ထားနိုင်ခဲ့ပြီး ၂၀၀၈ခုနှစ်တွင် ၂၇၀၀၀၀ ကုဗမီတာ အရေအတွက်ရှိသော သစ်လုံးများသာ မြန်မာနိုင်ငံဘက်မှတင်သွင်းမှု ရှိခဲ့သည်ဟု ဖော်ပြထား သည်။

သို့ရာတွင်ထိုသို့လျော့ကျမှုမှာရေရှည်မခံခဲ့ပါ။ ၂၀၁၃ခုနှစ်ရောက်လာသည့်အချိန်တွင်မြန်မာနိုင်ငံနှင့်တရုတ်တို့၏သစ်ထွက်ကုန်ကုန်သွယ်မှုသည်အမေရိကန်ဒေါ်လာ၆၂၁သန်းတန်ကြေးရှိသည့်ကုဗမီတာ၁.၇သန်းပမာဏ (သစ်အလုံးလိုက်ကုဗမီတာ၉၃၈၀၀၀အပါအဝင်) အထိစံချိန်တင် ရောက်ရှိသွားခဲ့သည်။ အဆိုပါ စုစုပေါင်းပမာဏ၏ ၉၄%သည် ယူနန်နယ်ရှိ ကူမင်းအကောက်ခွန်ဌာနမှ ဖြတ်သန်းလာသည်ဟု မှတ်ပုံတင်ထား၏။ [29] ထိုသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက် လာသောသစ်များသည် မြန်မာအစိုးရ၏ သစ်တောဥပဒေများနှင့် ၂၀၀၆ခုနှစ်တွင် ယူနန်အစိုးရက ကြေငြာထားခဲ့သော မူဝါဒပြောင်းလဲမှုများ၏ လိုရင်းနှင့် ဆန့်ကျင်ကာ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ တရားမဝင် နယ်စပ်သစ်ကုန်သွယ်မှုသည် တဖန်ပြန်အချိန်ကျလာခဲ့ပြီး ယခုအချိန်တွင် နှုန်းပြည့်ဖြင့် စီးဆင်းနေ၏။ [30]

## ခြိမ်းခြောက်ခံနေရသော မြန်မာ့တမလန်းသစ်

### လွန်ခဲ့သော သာနှစ်နှစ်အတွင်းအရှိန်အဟုန်ဖြင့်တိုးပွားလာခဲ့သော သာတရုတ်ပြည်တွင်းသို့သစ်နီသို့မဟုတ် ဟောင်းမူးသစ်တင်သွင်းမှုသည် ဒေသတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်စေသော တရားမဝင်သစ်ခုတ်မှု တိုးပွားလာရေးကို တိုက်ရိုက်တွန်းအားပေးနေ၏။

အီးအိုင်အေ၏ သုသေသနပြုချက်အရဆိုလျှင် လက်ရှိအခြေအနေများအရ အဓိကပစ်မှတ်ထားနေကြသော မြန်မာဟောင်မူးသစ်နှစ်မျိုးဖြစ်သည့် တမလန်း နှင့်ပိတောက်တို့သည် သစ်ခုတ်မှုကြောင့်သုံးနှစ်အတွင်းမှာပင် စီးပွားဖြစ်မလုပ်နိုင်တော့သည့် အခြေအနေ အထိ မျိုးတုန်းသွားနိုင်ကြောင်းတွေ့ရသည်။တမလန်းသည် ကာကွယ်ထားသော သစ်မျိုးဖြစ်သောကြောင့် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာနသာလျှင် တရားဝင်ထုတ်လုပ်ခွင့်ရှိသော်လည်း ကြီးမားသော တရားမဝင်ဈေးကွက် အရ၎င်းသစ်သည် မြန်မာနှင့် တရုတ်တို့အကြား ကုန်သွယ်မှုအပြုဆုံးသစ်တမျိုး အပါအဝင်ဖြစ်လာခဲ့သည်။ ရရှိသောအချက်အလက်များအရ မြန်မာနိုင်ငံသစ်အလုံးလိုက်တင်ပို့မှု ပိတ်ပင်ခြင်း အတည်ဖြစ်သည့် တလအတွင်းမှာပင် အမေရိကန်ဒေါ်လာ၅၂ သန်း တန်ဖိုးရှိသော တမလန်းသစ်လုံးများ ကိုနယ်စပ်ဖြတ်ကျော်တင်ပို့ခဲ့ကြကြောင်း သိရသည်။[22]

## အီးအိုင်အေ၏စုံစမ်းတွေ့ရှိချက်များ



### ၂၀၁၂ခုနှစ်မှစပြီးအီးအိုင်အေသည်ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်း၊ယူနန်ပြည်နယ်ရှိနူကျန်၊ဘောင်ရှန်နှင့် ဒီဟောင်မြို့နယ်စီရင်စုများ၊ ကူမင်းနှင့် ကွမ်ကျိုးရှိသစ်ထုတ်လုပ်မှု ဗဟိုချက်နေရာများတွင် ဖြစ်ပွားနေသော မြန်မာနှင့် တရုတ်အကြား တရားမဝင်နယ်စပ်သစ်ကုန်သွယ်မှုများကို စုံစမ်းစစ်ဆေးမှု အများအပြားပြုလုပ်ခဲ့သည်။

၂၀၁၂ခုနှစ်မှစပြီးအီးအိုင်အေသည်ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်း၊ယူနန်ပြည်နယ်ရှိနူကျန်၊ဘောင်ရှန်နှင့် ဒီဟောင်မြို့နယ်စီရင်စုများ၊ ကူမင်းနှင့် ကွမ်ကျိုးရှိသစ်ထုတ်လုပ်မှု ဗဟိုချက်နေရာများတွင် ဖြစ်ပွားနေသော မြန်မာနှင့် တရုတ်အကြား တရားမဝင်နယ်စပ်သစ်ကုန်သွယ်မှုများကို စုံစမ်းစစ်ဆေးမှု အများအပြားပြုလုပ်ခဲ့သည်။

အီးအိုင်အေ၏တွေ့ရှိချက်များအရ၂၀၀၅တွင်တနှစ်လျှင်တရားမဝင်သစ်ကုန်သွယ်မှုကုဗမီတာ၁သန်းခန့် ရောက်ရှိသည်အထိဖြစ်လာခဲ့သ သာကြောင့်ပြုလုပ်သော၂၀၀၆ယာယီနိမ်နင်းမှုများအပြီးတရားမဝင်သစ်ကုန်သွယ်မှုပြန်လည်ခေါင်းထောင်လာခြင်းကိုအတည်ပြုနိုင်ခဲ့သည်။ ၂၀၀၆ခုနှစ်နှိမ်နင်းမှုများ၏ကျန်ရှိသောအရိပ်အယောင်မှာတရုတ်နိုင်ငံဘက်မှသစ်တင်သွင်းရေးအတွက်တရားဝင်စာရွက်စာတမ်းလိုအပ်ခြင်းမျှသာကျန်ရှိတော့သည်။၄င်းစာရွက်စာတမ်းတွင်တင်သွင်းလာသောသစ်များသည်မြန်မာနိုင်ငံဘက်မှတရားဝင်ကြောင်းအသိအမှတ်ပြုသည့်စာရွက်စာတမ်းလည်းပါဝင်၏။မြန်မာနိုင်ငံ၏လက်ရှိသစ်တောဥပဒေများအရ၂၀၁၄ဧပြီလသစ်အလုံးလိုက်တင်ပို့ခြင်းပိတ်ပင်မှုရှိခြင်းနှင့်မြန်မာ့သစ်လုပ်ငန်းလက်အောက်မှထွက်သောသစ်များနှင့်ရန်ကုန် ကုန်သွယ်ပေါက်မှ တင်ပို့သော သစ်များသာလျှင် တရားဝင်သည်ဆိုခြင်းကြောင့် အဆိုပါ တရုတ်နိုင်ငံဘက်ခြမ်းမှတရားဝင်သည်ဆိုသည့်မြန်မာနိုင်ငံဘက်မှစာရွက်စာတမ်းများသည်အစစ်မဖြစ်နိုင်ပေ။အီးအိုင်အေကတွေ့ဆုံခဲ့သ သာကုန်သွယ်အများစု၏အဆိုအရတရုတ်နိုင်ငံဘက်ခြမ်းတွင်လိုအပ်သောသွင်းကုန်ဆောင်ခြင်းပြု သည်ဆိုလျှင် သွင်းလာသောသစ်များ တရားမဝင်ခုတ်ထားခြင်း ဟုတ်မဟုတ် အရေးမကြီးတော့ပဲတရားဝင် သွားသည်ဟု ဆိုကြသည်။

ကချင်နှင့်ယူနန်နယ်စပ်တလျှောက်အီးအိုင်အေကဆက်လက်တွေ့ရှိရသည်များမှာအမျိုးမျိုးကွဲပြားနေသောနယ်စပ်ဖြတ်သည့်နေရာများသည်ဒေသတွင်းမတည်ငြိမ်မှုနှင့်သစ်ခုတ်သောနေရာနှင့်နီးမနီးကိုအခြေခံ၍ အမျိုးမျိုးလမ်းကြောင်းပြောင်းနေသည်ကိုတွေ့ရှိခဲ့ရ၏။၂၀၁၁ဇွန်လတွင်မြန်မာစစ်တပ်နှင့်ကေအိုင်အေတို့ အကြားတိုက်ပွဲများပြန်လည်ဖြစ်ပွားရာတ ွင်ခိုးထုတ်ရေးလမ်းကြောင်းများနှင့်နယ်စပ်ဖြတ်သောနေရာများကိုသက်ရောက်မှုများရှိခဲ့သ သော်လည်းကုန်သွယ်မှုကြီးတခုလုံး၏အတိုင်းအတာကိုထိခိုက်မှုမရှိခဲ့သ ကြောင်းတွေ့ရသည်။

အီးအိုင်အေ၏လျှို့ဝှက်တွေ့ဆုံမှုများအတွင်းတရုတ်ကုန်သည်များကနယ်စပ်နေရာများတွင်အလွန်အကျွံ သစ်ခုတ်ခြင်းကြောင့် တောပြုန်းလာသည့်အတွက် သစ်ခုတ်မှုများသည် ကချင်ပြည်နယ်အတွင်းကျကျသို့ ရောက်ရှိလာခဲ့သ ကြောင်း ထုတ်ဖော်ခဲ့ကြသည်။ အလားတူပင် နယ်စပ်ရှိ တရားမဝင်ကုန်သွယ်နေသော သစ်များသည် ကချင်ပြည်နယ် ပြင်ပစစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ တမလန်းနှင့် ကျွန်းသစ်များဖြစ်လာခြင်းများသထက်များလာသည်ကိုလည်း ဖော်ထုတ်ခဲ့၏။နယ်စပ်တလျှောက်တရားမဝင်တမလန်းသစ်ခိုးထုတ်မှု ကြီးမားစွာမြင့်တက်မှုများ ၂၀၁၃ခုနှစ်တွင် ပေါ်ပေါက်ခဲ့ပြီး တမလန်းသစ် ၂၂၀၀၀ကုဗမီတာ၏ ပေါက်ဈေးသည်အမေရိကန်ဒေါ်လာသန်း၃၀၀ရောက်သည်အထိဖြစ်သွားခဲ့သည်။ [31]

အဆိုပါ စုံစမ်းစစ်ဆေးမှုများမှတဆင့် အီးအိုင်အေသည် တရားမဝင်ဖြန့်ချီရေးလုပ်ငန်းစဉ်အတွင်း အရေးပါသောအခြေအနေများနှင့် အဓိကတရားခံများကို ဖော်ညွှန်းနိုင်သော တမူထူးခြားသည့် နယ်စပ်ဖြတ်ကျော် တရားမဝင်သစ်ကုန်သွယ်မှုကို ပုံပန်းဖေါ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံဘက်ခြမ်းမှ သစ်များ ခုတ်ယူခိုးထုတ်ပြီး တရုတ်နိုင်ငံဘက်သို့ တင်ပို့နေခြင်းအခြေအနေသည် ကမောက်ကမရှုပ်ထွေး လှသည်ဟု ပထမတွင်ထင်ရသော်လည်း အမှန်တကယ်တွင် ပတ်သက်နေသော ကွဲပြားသည့် အုပ်စုများသည် မြန်မာ့အဖိုးတန်သစ်တောများကို အရင်းပြုပြီး အမြတ်ထုတ်ရန် တစိတ်တည်း သဘောတူ ထားကြသည့် အလားစနစ်တကျဖန်တီး လည်ပတ်နေစေခြင်းကို တွေ့ရှိခဲ့ရ၏။

## ၂၀၁၂အတွင်း စုံစမ်းစစ်ဆေးခြင်း

### နူကျန်နှင့်ဘောင်ရှန်

၂၀၁၂ဧပြီလတွင် အီးအိုင်အေမှစုံစမ်းစစ်ဆေးသူများသည် ယူနန်နယ်နူကျန်နှင့်ဘောင်ရှန်စီရင်စုတို့ရှိ ဝင်ရောက်လာသောသစ်များဖြတ်သန်းရာ အဓိကနေရာများကို သွားရောက်ခဲ့ပြီးသစ်ကုန်သည်များ၊ ကူမင်းနှင့် ကွမ်ကျိုးရှိမြန်မာနိုင်ငံမှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော သစ်ကုန်ကြမ်းများကို မှီခို နေရသည့်သစ်ထွက် ကုန်ထုတ်လုပ်ရေးကုမ္ပဏီများကိုခြေရာခံနိုင်ခဲ့သည်။

နူကျန်ရှိပြန်မနယ်မြေတွင် အီးအိုင်အေသည်လမ်းမကြီးတလျှောက်ရှိသိုလှောင်ရာနေရာများတွင်သစ်လုံး ကုန်ကြမ်းများစွာ စုပုံထားသည်ကို တွေ့ရှိခဲ့ရသည်။ ပြန်မ နယ်မြေသည် သမိုင်းကြောင်းအားဖြင့်ပင် ပြည်နယ်အဆင့်ကုန်သွယ်ဝင်ပေါက်ရှိသောနေရာဖြစ်သောကြော င့်နူကျန်သို့သစ်များဝင်ရောက်ရာတွင် အဓိကဝင်ပေါက်တခုဖြစ်ခဲ့ပြီးဖြစ်သည်။၂၀၀၂ခုနှစ်တွင်နူကျန်သည်မြန်မာနိုင်ငံမှသစ်ကုဗမီတာပေါင်း၃၀၈၀၀၀တင်သွင်းလာခဲ့ပြီး၁၉၉၇တွင်မူ၃၆၀၀၀ကုဗမီတာသာတင်ပို့ခဲ့ကာယခုအခါတွင်၉၅%သောတင်သွင်းမှုများသည်ပြန်မနယ်မြေမှတဆင့်ဝင်လာခြင်းဖြစ်သည်။ [32] ၄င်းနှင့် ကပ်လျက်မြန်မာနိုင်ငံဘက်ခြမ်းမှ နယ်မြေများကို ကချင်ဒီမိုကရေစီသစ်တပ်မတော်က ထိန်းချုပ်ထားပြီး ၄င်းတို့ကကပ်လျက်ရှိနေသည့် ကချင်ပြည်နယ်မြောက်ပိုင်းရှိတောင်တန်းများတွင်သစ်ခုတ်ခွင့်ရှိနေကြသည်။

ကုန်သည်များကြား ပြောဆိုကြသည်မှာ ပြန်မနယ်တွင် သိုလှောင်ထားသောသစ်များကို အများအားဖြင့် ရွှန်ဒေါင်ကုမ္ပဏီက ပိုင်ဆိုင်သည်ဟုဆိုကြပြီး ကချင်ပြည်နယ်တွင်





**အပေါ်စာမျက်နှာပါပုံ** - မြန်မာ-တရုတ် နယ်စပ်ရှိယူနန်နယ်ဇီဇီတွင်သစ်များ စုပုံနေပုံ၊ ၂၀၁၂။

**ဲဝဲဘက်အပေါ်ပုံ** - ယူနန်နယ်ဇီဇီရှိ မြစ်နယ်စပ်မျဉ်းအားဖြတ်ကျော်နေသော သစ်ကားတစီး၊ ၂၀၁၂။

**ယာဘက်အပေါ်ပုံ** - မြန်မာနိုင်ငံမှ နူကျန်စီရင်စုသို့ သစ်လုံးများဝင်ရောက်ရာ အဓိက ဝင်ပေါက်နေရာဖြစ်သော ပြင်မမြို့၊ ယူနန်ပြည်နယ်။

ရေအားလျှပ်စစ်စီမံကိန်း ထူထောင်ခြင်းအကြောင်းပြ၍ သစ်ခုတ်ခြင်းကို ကိုယ်တိုင်လုပ်နေခဲ့သည်ဟုဆိုသည်။ ကြိုကြားကြိုကြား ဖြစ်ပွားနေသော တိုက်ပွဲများက ကုန်သွယ်မှုကိုထိခိုက်စေခဲ့ပြီး သတင်းများအရ ဒေသတွင်း တံတားတစင်း ပျက်စီးသွားခဲ့သည့်အတွက်ကုန်သွယ်ရေးကို ခေတ္တမျှရပ် ဆိုင်းသွားစေခဲ့ ကြောင်းသိရ၏။ အီးအိုင်အေနှင့် တွေ့ခဲ့ သော သစ်ခုတ်သူတဦး၏ ပြောပြချက်အရသူနှင့် သူ၏ ၂၉ ဦးသော အပေါင်းအဖေါ်များအား တနေ့လျှင် တရုတ်ယွမ်ငွေ၁၀၀၀ (အမေရိကန်ဒေါ်လာ၁၅ဒေါ်လာ) ပေး၍ငှားရမ်းပြီး ကီလိုမီတာ ၁၀၀ အမြင့်ရှိသည့် ကချင်ပြည်နယ်တွင်း တောင်တန်းများသို့ တက်ရောက်သစ်ခုတ်စေသည့် အခြေအနေကိုလည်း သိရှိခဲ့ရသည်။ သစ်များကို တပတ်ကြာခုတ်ပြီးသည့်အချိန်တွင် သူတို့အုပ်စုမှာ စစ်သားများ၏ တိုက်ခိုက်ခြင်းကိုခံခဲ့ရပြီး ထွက်ပြေးခဲ့ရသည်ဟုဆို၏။ အဆိုပါ သစ်ခုတ်သမားမှာ ပြန်မနယ်မြေသို့အရောက်ပြန်လာနိုင်သောတဦးတည်းသောအလုပ်သမားဖြစ်လေသည်။ [33]

ဘောင်ရှန်စီရင်စုအတွင်းရှိ အဖြတ်အများဆုံးနေရာတခုမှာ ကျီကျီဖြစ်ပြီး ထိုနေရာတွင် အီးအိုင်အေက သစ်တင်ကားများ မြစ်တိမ်တခုအားဖြတ်ကာ လုံလောက်စွာ သိုလှောင်ထားသော သစ်ထားရာနေရာများသို့ ပို့ဆောင်နေသည်က စောင့်ကြည့်ခဲ့၏။ ဝယ်သူများကလည်း သိုလှောင်ရာအချို့နေရာများသို့ ဟမ်လော့နှင့် လောရယ်အစရှိသော သစ်မျိုးနွယ်များကို လာရောက်ခွဲခြားစစ်ဆေးနေသည်ကို လည်းတွေ့ရှိခဲ့ရသည်။ ကျီကျီတွင် ထိုကုန်သွယ်မှု တိုးလာခဲ့ရသည့်အကြောင်းအရင်းမှာ ကချင်ပြည်နယ်အတွင်း တရုတ်သတ္တုတွင်းတူးသော ကုမ္ပဏီများက လမ်းများဖောက်လုပ်မှုများကြောင့် ဖြစ်ပုံရ၏။ ၎င်း၏ အနီးအနားတွင်ရှိသော ကျန်တန်ဖြတ်သန်းရေးနေရာသည် ယခင်က အဖြတ်အများဆုံးနေရာဖြစ်ခဲ့ပြီး ယခုအခါ ကချင်ဒီမိုကရေစီသစ်တပ်မတော်၏ အခွန်ငွေမြင့်မားစွာကောက်ခံမှုနှင့် နီးစပ်ရာသစ်တောများ ပြုန်းတီးမှုတို့ကြောင့် မဖြတ်တော့သလောက်ခြောက်ကပ်သွား၏။

နယ်စပ်ဒေသမှတဆင့် အီးအိုင်အေစုံစမ်းစစ်ဆေးသူများသည် ယူနန်နယ်၏မြို့တော်ဖြစ်သော မြန်မာနိုင်ငံမှ သစ်များတရုတ်တောင်ပိုင်းရှိ ထုတ်လုပ်ရေးစက်ရုံများထံ မရောက်ခင်ထားရှိရာနေရာ ဖြစ်သော ကူမင်းအထိ သွားရောက်ခဲ့သည်။ ကျင်နန်ရှိ သစ်ဇဟိုဈေးတွင် မြန်မာနိုင်ငံများ သစ်များရောင်းချမှု လျော့နည်းလာသည်ကိုလည်း အီးအိုင်အေက တွေ့ရှိခဲ့ရသည်။ ဝယ်သူများက ပြောကြသည့် ထိုသို့ဖြစ်ရသည့်အကြောင်းရင်းမှာ သစ်များကို ကချင်ပြည်နယ်တွင်းသို့ စီပွားဖြစ်သစ်များရရေးအတွက် အတွင်းကျကျ ဝင်ရောက်ခုတ်ယူရခြင်းနှင့် တဖန်ပြန်ဖြစ်လာသော တိုက်ပွဲများကြောင့် ဟုဆိုသည်။ ကုန်သည်တဦးက ကချင်ပြည်နယ်အတွင်း သစ်ခုတ်မှုအခြေအနေကို ဖော်ပြရာတွင သစ်အားလုံးသည် ခိုးခုတ်ထားသော တရားမဝင်သစ်များဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှု လွန်စွာဆိုးရွားနေကာ တောင်လုံးကျွတ် တောင်ကကုံးဖြစ်သည်အထိ အခြေအနေဆိုးဝါးလှသည် ဟုဆိုသည်။

ကွမ်ကျိုးတွင် အီးအိုင်အေမှ လျို့ဝှက်စုံစမ်းစစ်ဆေးသူများသည် မြူနရန်သစ်ကုမ္ပဏီမှ အရာရှိများနှင့် တွေ့ဆုံခဲ့၏။ ၁၉၈၇ခုနှစ်တွင် မြန်မာနိုင်ငံမှ သစ်လုံးများကို ကုန်သွယ်ရန် ထူထောင်ခဲ့ သော အဆိုပါမိသားစုကုမ္ပဏီသည် ယခုအခါတွင် တရုတ်နိုင်ငံအတွင်း အကြီးဆုံးမြန်မာ့ကျွန်းသစ်များကို ကုန်ချောထုတ်လုပ်သည့်ကုမ္ပဏီများအနက် တခုအပါအဝင်ဖြစ်လာခဲ့သည်ဟု ဆိုပြီးအဓိကအားဖြင့် ကျွန်းကြမ်းခင်းများကို ထုတ်လုပ်၏။ ထိုကုမ္ပဏီအတွက် လိုအပ်သောကုန်ကြမ်းများအားလုံးကို ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့မှရယူပြီး ကုမ္ပဏီ၏ စက်ရုံကြီးတခုရှိသော ရွှေလီမှတဆင့်တင်သွင်းသည်။ ၎င်းသစ်များကို ဝယ်ယူရာတွင်လည်း ကုမ္ပဏီသည် မြန်မာအစိုးရ၏ သစ်တောစနစ်အပြင်ဘက်မှ ဝယ်ယူ၏။ ကုမ္ပဏီ၏ပိုင်ရှင်ဖြစ်သော ဝမ်ရှီးညန်က ကုန်ကြမ်းများတရုတ်ပြည်သို့ အခွန်ဆောင်ဝင်ရောက်လာသမျှအား မည်သည့်လမ်းကြောင်းမှ လာသည်ကိုဂရိုက်မစိုက်ပဲ လက်ခံကြောင်းပြောဆို၏။

မြန်မာနိုင်ငံမှ လာသောသစ်များကို ကိုင်တွယ်ရသောကူမင်းနှင့် ကွမ်ကျိုးရှိအခြားတရုတ်ကုမ္ပဏီများနှင့် တွေ့ဆုံမှုများမှလည်း ကုန်သွယ်မှုနှင့် ပတ်သက်သော အဓိကကျသည့်သွင်ပြင်များကို တွေ့ရှိခဲ့ရသည်။ ၎င်းတို့မှာ တရုတ်ပြည်ဘက်မှ လက်လှမ်းမှီသော သစ်တောများပြုန်းတီးကုန်သည့်အတွက် သစ်ခုတ်မှုများ မြန်မာနိုင်ငံအတွင်းပိုင်းသို့ ရောက်သထက်ရောက်လာခြင်း၊ ဝင်လာသောသစ်များ တရုတ်ပြည်ဘက်တွင် တရားဝင်ဖြစ်စေရေးအတွက် အခွန်ဆောင်ရမှုများ၊ ရှုပ်ထွေးအသေးစိတ်သောဖြန့်ချီမှု လုပ်ငန်းစဉ်အတွင်းမှ ချိတ်ဆက်မှုများ တို့ဖြစ်ကြသည်။ဖြစ်ပုံမှာအဓိကကျသောဝယ်သူများပင်လျှင်မြန်မာနိုင်ငံအတွင်းမှသစ်တောအရင်းအမြစ်များနှင့်တိုက်ရိုက် ဆက်သွယ်မှုမရှိပဲသဘောတူဝယ်ယူမှုအများစုသည်ကုန်ကြမ်းများနယ်စပ်သို့ရောက်လာပြီးမှပြုလုပ်ကြသည်ကိုတွေ့ရှိရသည်။ထိုကုန်သွယ်မှုသည်အဆက်အသွယ်ကောင်းသောကြားခံလူပွဲစားများကြောင့်သာလျှင်လည်ပတ်နိုင်နေကြောင်းတွေ့ရှိရ၏။

# ၂၀၁၅ခုနှစ်စုံစမ်းတွေ့ရှိချက်များ

## ဒိန်ဟောင်

၂၀၁၅ခုနှစ်ဇွန်လတွင်အီးအိုင်အေမှစုံစမ်းစစ်ဆေးသူများသည်သစ်ဝယ်သူများအဖြစ်အယောင်ဆောင်ပြီးယူနန်ရှိဒိန်ဟောင်စီရင်စုတွင်မြန်မာနိုင်ငံအတွင်းမှတရားမဝင်သစ်များဝင်ရောက်သည့်အဆင့်နှင့်တရုတ်နိုင်ငံအတွင်းသို့တင်ပို့သည့်နည်းနာများကိုစစ်ဆေးရန်ခရီးထွက်ခဲ့သည်။ဒိန်ဟောင်သည်သမိုင်းကြောင်းအားဖြင့် ပင်ယူနန်ရှိစီရင်စုသုံးခုအနက သစ်ဝင်ရောက်မှုအများဆုံးရှိသောနယ်မြေလည်းဖြစ်သည်။

၂၀၀၅ခုနှစ်အတွင်း မြန်မာနိုင်ငံမှယူနန်နယ်သို့ ဝင်ရောက်သောသစ်ကုဗမီတာ ၁ သန်းအနက် ၆၀၀၀၀၀ ကုဗမီတာမှာဒီဟောင်နယ်မှတဆင့်ဝင်ရောက်လာခဲ့သ ကြောင်းမှတ်တမ်းရှိ၏။ [34] Dဒီဟောင်၏ အရေးပါ ရခြင်းအကြောင်းရင်းမှာ နိုင်ငံတကာကုန်သွယ်ရေးလမ်းကြောင်း ဖြစ်သောမူဆယ်-ရွှီလီ လမ်းကြောင်း ရှိသောကြောင့်ဖြစ်သည်။ အခြားအရေးပါသောထိစပ်နေသည့်နယ်မြေများမှာ ကျိုကောင်ပို့ကုန် အထူးခန့်ခွဲရေးနယ်မြေနှင့် ဆက်နေခြင်း၊ မြန်မာနိုင်ငံဘက်ခြမ်းရှိနယ်စပ်တွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းတို့ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှကျွန်းနှင့် တမလန်းများ တိုက်ရိုက်ဝင်ရောက်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

တပတ်ကြာပြုလုပ်သောစစ်ဆေးမှုများအတွင်းအီးအိုင်အေသည်ရွှီလီနှင့်အနီးအနားနောင်တောင်ရှိသစ်များသိုလှောင်ရာနေရာများ၊ သစ်စက်များကိုသွားရောက်ကြည့်ရှုခဲ့ပြီးဘာပါ- ဘန်လင်းနယ်စပ် ဖြတ်နေရာ အပါအဝင်အရေးပါသောနယ်စပ်ဖြတ်နေရာများကိုလည်း သွားရောက်ခဲ့သည်။ထိုနေရာအတွင်းရှိသစ်ကုန်သည်များ၊အကောက်ခွန်အဖွဲ့အစည်းများနှင့်အသေးစိတ်ဆွေးနွေးမှုများကမြန်မာနိုင်ငံမှလာသောတရားမဝင်သစ်လုံးများ၊ခါးရှေ့သစ်များကိုအရင်းမြစ်လိုက်ရှာသောစနစ်တကျတည်ရှိနေသည့်ကွန်ရက်နှင့်အဆိုပါသွင်းကုန်များကိုတရုတ်နိုင်ငံဘက်ခြမ်းတွင်အခွန်ငွေကောက်ခြင်းအားဖြင့်မည်သို့တရားဝင်ပြုသည်များကိုမြင်နိုင်သည့်ရှုထောင့်သစ်များရခဲ့၏။

## နောင်တောင်

နန်ဝန်မြစ်တလျှောက်အလျားလိုက်ရှိနေသည့်နောင်တောင်မြို့သည်မြန်မာနိုင်ငံမှလာသောသစ်များအတွက်သိုလှောင်ကုန်သွယ်ရေးအားအဓိကကုန်သွယ်မှုအဖြစ်လုပ်ကိုင်သည့်မြို့အဖြစ်တည်ရှိနေသည်။၂၀၁၄ဧပြီလတွင်ကချင်ပြည်နယ်မှနောင်တောင်ဘက်သို့သွားသောအဓိကလမ်းကြောင်းသည်တိုက်ပွဲများအပြီးတွင်ကေအိုင်အို၏ထိန်းချုပ်မှုလက်အောက်မှမြန်မာစစ်တပ်ထိန်းချုပ်မှုအောက်သို့ကျရောက်သွားခဲ့သည်။ [35]

Tမြို့သည်သစ်လုံးများထားရာကွင်းပြင်များဖြင့်လွှမ်းမိုးနေပြီးအချို့ကွင်းပြင်များတွင်သစ်ကုဗမီတာ၂၀၀၀၀အထိရှိ၏။ကွင်းပြင်အများစုသည်သစ်ကုန်သည်များဝယ်သူစောင့်ရင်းခေတ္တထားသောနေရာများဖြစ်သည်။ အီးအိုင်အေက သွားရောက်သောအချိန်တွင် ကွင်းပြင်များအတွင်း အရန်သင့်ရှိသော အဓိကသစ်မျိုး စိတ်များမှာကျွန်း၊တမလန်းနှင့်ပိတောက်တို့ဖြစ်ကြသည်။ ၎င်းတို့အနက်တမလန်းနှင့်ပိတောက်တို့မှာ အရွယ်အစားအားဖြင့်မကြီးလှသောစတုရန်းလုံးပတ်ပုံဖြတ်ထားသည့်သစ်လုံးများဖြစ်ပြီး၂၀၁၃-၁၄ သစ်ခုတ်ရာသီအတွင်းက ကျန်ရှိနေသောမြောက်များစွာသောသစ်လုံးများဖြစ်လေသည်။၎င်းတို့နှင့် သိသာစွာခြားနားနေသည်မှာ လတ်ဆတ်စွာဖြတ်ယူထားသည်မှာ မကြာသေးသည့် ကျွန်းသစ်လုံးများနှင့် စတုရန်းပုံလုံးပတ်ဖြတ် ကျွန်းလုံးများ အီးအိုင်အေသည့်သွားရောက်သည့် ခရီးစဉ်အတွင်း တန်ချိန် ထောင်ပေါင်းများစွာ စုပုံထား သည်ကိုတွေ့ရှိခဲ့ရခြင်း ဖြစ်လေသည်။

နောင်တောင်ရှိအကြီးဆုံးသစ်တင်သွင်းသူကုမ္ပဏီများအနက်တခုဖြစ်သည့်ရိုဖူကုန်သွယ်ရေးကုမ္ပဏီ၏ကိုယ်စားလှယ်တဦး၏အီးအိုင်အေကိုယ်စားလှယ်အားပြောကြားချက်အရကုမ္ပဏီ၏ တမလန်းနှင့်ပိတောက်အများစုသည်၂၀၁၃ခုနှစ်အတွင်းကတင်သွင်းထားခဲ့ခြင်းဖြစ်ပြီးမရောင်းရပဲကျန်နေခြင်းဖြစ်သည်ဟုဆိုသည်။ထို ကိုယ်စားလှယ်ကဆက်လက်ပြောကြားရာတွင် ထိုသစ်များ၏ဈေးကွက်သည်၂၀၁၄အစောပိုင်းမှစ၍ကျဆင်းလာခဲ့ပြီးနောင်တောင်နှင့်ရွှီလီဒေသအတွင်းရှိသစ်ကုန်သည်များသည်အမေရိကန်ဒေါ်လာသန်းပေါင်းဆယ်ချီတန်သောသစ်ပုံများကိုဆက်လှောင်ထားပြီးဈေးတက်မည့်အချိန်ကိုစောင့်စားနေကြသည်ဆို၏။သူက တမလန်းနှင့်ပိတောက်တို့၏





ဝယ်လိုအားဈေးကွက်သည်၂၀၁၃အတွင်းကဟောင်မူပရိဘောဂများဝယ်လို အားများလာသည်နှင့်အတူအမြင့်ဆုံးသို့ရောက်ခဲ့သည်ဟုဆိုသည်။ထိုအချိန်ကဆိုလျှင်ဖူကျန်၊ကွမ်ဒေါင်၊ဇီကျန်နယ်များမှကုန်သည်များငှင်းတို့၏စက်ရုံကုန်ကြမ်းများအတွက်ယခုနေရာသို့အစုလိုက်ရောက်လာကြသည်ဟုဆိုသည်။ထိုအချိန်ကသစ်ဈေးနှုန်းများလည်းအမြင့်ဆုံးရောက်ခဲ့ပြီးတပေကျော်သောစတုန်ရန်းပုံလုံးပတ်ဖြတ်အရွယ်အစားရှိသည့်သစ်လုံးများသည်တတန်လျှင်တရုတ်ယွမ်ငွေ၅၀၀၀၀မှ၈၀၀၀၀အကြား (အမေရိကန်ဒေါ်လာ၇၇၀၀ - ၁၂၅၀၀အကြား) ဈေးပေါက်သည်ဟုသိရသည်။

၂၀၁၄ခုနှစ်အစောပိုင်းမှစ၍တမလန်းနှင့်ပိတောက်တို့၏ဈေးများသည်ဈေးကစားမှုများကြောင့်ဈေးနှုန်းဖောင်းပွမှုဖြစ်ပြီးနောက်ပိုင်းပြန်လည်ကျဆင်းလာခဲ့သည်။၂၀၁၅နှစ်လည်ရောက်သည့်အချိန်တွင်ယခင်တမလန်းဈေး၏ထက်ဝက်ခန့်အထိကျသွားခဲ့သည်။ကုန်သည်များကလည်းအရှုံးခံရောင်းချမည့်အစားသိုလှောင်ထားကြ၏။ ရိဖူကဲ့သို့သော ကုမ္ပဏီများသည် တမလန်းနှင့် ပိတောက်တင်သွင်းမှုကိုတင်သွင်းမှုအားလုံး၏၂၅% အထိအသီးသီးလျှော့ချနေပြီး ဈေးများတရိပ်ရိပ်တက်နေသည့် ကျွန်းသစ်အားကျန်ရှိသော၅၀% အထိ သတ်မှတ်တင်သွင်းနေ၏။ အီးအိုင်အေ၏ နောင်တောင်တွင် တွေ့ရှိချက်များသည်မြန်မာနိုင်ငံရှိ ကျွန်းဈေးကွက်များအထိ ပါရိုက်ခတ်မှုရှိနေပြီး တမလန်းသစ်ဝယ်လိုအားလည်း လျော့ကျသွားခဲ့သည်။

ဈေးကျလာသည်နှင့်တကွအခြားထိုသစ်ဝယ်လိုအားတို့ကိုကျဆင်းစေသည့်နောက်ထပ်အကြောင်းတခုမှာတရုတ်အစိုးရ၏ဟောင်မူးပရိဘောဂကဲ့သို့သောဇိမ်ခံပစ္စည်းများရောင်းချရေးအပေါ်သက်ရောက်မှုများရှိနေသောတရုတ်အစိုးရ၏လာဘ်စားမှုတိုက်ဖျက်ရေးတွန်းအားကြောင့်လည်းဖြစ်သည်။ဒိန်ဟောင်လေဆိပ်မှရွှီလီသို့ကျောက်စိမ်းနှင့်တမလန်းသစ်များဝယ်ရန်သွားသောခရီးသည်များကိုပို့ပေးရသောယဉ်မောင်းတဦးကသူ၏အလုပ်သည်လုံးဝရပ်ဆိုင်းလုနီးဖြစ်သွားသည်ဟုဆိုသည်။ကုန်သည်တဦးကအီးအိုင်အေစုံစမ်းစစ်ဆေးသူတဦးအားပြောသည်မှာထိုဈေးကွက်အတွင်းတွင်အစိုးရဝန်ထမ်းများမှအပအခြားရောင်းဝယ်မှုများမရှိပတနှစ်လျှင်ယွမ်ငါးသောင်းမှခြောက်သောင်းကြားသာရသောအစိုးရဝန်ထမ်းများမှာလာဘ်စားခြင်းအားဖြင့်သာလျှင်အဆိုပါပစ္စည်းများကိုဝယ်ယူနိုင်မည်ဟုဆိုသည်။

**အပေါ်စာမျက်နှာ ဲဂ်ဘက်ပုံ -** အဂယ်တော်များ နောင်တောင်တွင် တရားမဂင် တမလနးခါးရွှေတုံးများကို စစ်ဆေးနေပုံ၊ ဇွန် ၂၀၁၅။

**အပေါ်စာမျက်နှာ ယာဘက်ပုံ -** နောင်တောင်ရှိ ခုတ်ပြီးစ ကျွန်းသစ်ပုံများ

**အောက်ပုံ -** ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံသို့ဂင်ရန် စောင့်ဆိုင်းနေသော သစ်တင်ကားများ၊ မြေ ၂၀၁၅။

## ရွှီလီ

နောင်တောင်မှတနာရီအောက်ခရီးသာဝေးသောနေရာတွင်မြို့ပြဆန်သောရွှီလီနယ်ရှိပြီးငှင်းနှင့် ကပ်လျက်ကျီကောင်နယ်စပ်ဖြတ်ကျော်သောနေရာနှင့်လွတ်လပ်စွာကုန်သွယ်ရေးနယ်တို့ရှိကြသည်။သစ်လုံးထားရာကွင်းပြင်များနှင့်သစ်အချောထည်စက်ရုံများသည်မြို့အတွင်းပျံ့နှံ့တည်ရှိနေပြီးမြန်မာနိုင်ငံမှအဓိကအားဖြင့်သစ်နှင့်ကျောက်စိမ်းအစရှိသောကုန်ကြမ်းများအားကုန်သွယ်မှုဖြင့်ကြွယ်ဝနေသည်ကိုမြင်ရမည်ဖြစ်သည်။

ရွှီလီတွင်တမလန်းနှင့်ပိတောက်သစ်တို့တင်သွင်းဝင်ရောက်မှုလျော့ကျလာခဲ့ အေ သာ်လည်းလုံးပတ် တစ်ပေ ကျော်သောသစ်လုံးများ၏အရောင်းအဝယ်မှာမလျော့သေးပဲရှိနေဆဲဖြစ်သည်။ကျီကောင်လွတ်လပ်ကုန်သွယ်ရေးနယ်မြေရှိသစ်ကွင်းများတွင်လုံးပတ်ကြီးသောတမလန်းနှင့်ပိတောက်စတုရန်းလုံးပတ်သစ်လုံးများတင်လာသည့်ကားများနေ့စဉ်အတင်အချပြုလုပ်နေသည်ကိုအီးအိုင်အေ၏စုံစမ်းစစ်ဆေးသူများတွေ့ရှိခဲ့ကြ သည်။အီးအိုင်အေကကျီကောင်နှင့်ရွှီလီသို့အဆိုပါကုန်ကြမ်းများဝယ်ရန်ရောက်လာသောရောက်လာသောအဝယ်တော်များကိုလည်းတွေ့ခဲ့၏။ဟောင်မူးပရိဘောဂများအတွက်အသုံးပြုသောလုံးပတ်သေးသည့်သစ်လုံးများဝယ်လိုအားကျသွားခဲ့ အေ သာ်လည်းလုံးပတ်ကြီးသည့်တမလန်းန



ငုံပိတောက်သစ်လုံးများအား ရင်းနှီးမြုပ်နှံရေးအတွက် ဆက်လက်ဝယ်ယူနေကြသည်။ ကုန်သွယ်များက ပြောကြားသည်မှာ အဆိုပါ လုံးပတ်ကြီးသော သစ်လုံးများသည် သစ်အရင်းအမြစ်ကွာခြားမှုနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမှု တို့ကြောင့် ရှီလီတွင်သာရနိုင်ပြီး နောင်တောင်တွင် မရှိသလောက် ရှားပါးသည်ဟု ဆိုသည်။

## နယ်စပ်ဖြတ်ကျော်သောနေရာများ

ရှီလီ၏ကီလိုမီတာ၅၇ခန့်ရှိသောနယ်စပ်မျဉ်းတလျှောက်တွင်သစ်တင်ပို့ရေးအတွက်နယ်စပ်ဖြတ်ရန်နေရာများအများအပြားရှိသော်လည်း၂၀၁၄-၁၅သစ်ခုတ်ရာသီမှစ၍ဘာပါ - ဘန်လင်းဖြတ်ကျော်မှု နေရာမှလွဲ၍နေရာအများစုမှာ မဖြတ်သလောက်ဖြစ်သွားခဲ့သည်ကို အီးအိုင်အေကတွေ့ရှိခဲ့၏။၂၀၁၅နှစ်ဦးပိုင်းတွင်ဘန်လင်း၏မြန်မာနယ်စပ်ဘက်ခြမ်းမှသစ်တင်သွင်းရန်လာသောကားများတန်းစီလာခဲ့သည့်ကိုအီးအိုင်အေကစောင့်ကြည့်ခဲ့သည်။အီးအိုင်အေက၂၀၁၅ဖွန်လတွင်ဘန်လင်းဘက်သို့နောက်ထကြိမ်ခရီးထွက်လာခဲ့သည့်အခါတွင်မှုယခင်သစ်လုံးများသိုလှောင်ထားသောသစ်ကွင်းများတွင်သစ်လုံးမရှိသလောက်ရှင်းသွားပြီးလတ်လတ်ဆတ်ဆတ်ခုတ်ထားသောကျွန်းသစ်လုံးပုံတပုံကိုသာချွင်းချက်အဖြစ်တွေ့ရှိခဲ့သည်။

တရုတ်သစ်ပိုင်ရှင်တဦးကစုံစမ်းစစ်ဆေးသူများအားပြောကြားသည်မှာကုန်ကြမ်းများသည်လွန်ခဲ့သော သာရက်သတ္တပတ်အနည်းငယ်ကပင်ရောက်ရှိလာခဲ့ပြီးမြန်မာဘက်ခြမ်းရှိသစ်ကွင်းများတွင်စုပုံထားသောငင်းပိုင်သစ်တန်ချိန်တရာခန့်အထိရှိခဲ့သည့်ဟုဆို၏။အဆိုပါကုန်သည်ကပင်ဆက်လက်ပြောဆိုခဲ့သည်မှာကျွန်းသစ်လုံးများကိုနယ်စပ်ဖြတ်ကျော်တည်ရှိနေခဲ့သော သာအနီရောင်နယ်မြေမျဉ်းပေါ်တွင်ပင်မြန်မာစစ်တပ်ထံမှ တိုက်ရိုက်ဝယ်ယူခဲ့ပြီး အဆိုပါအနီရောင်စည်းမျဉ်း၏အလွန်နယ်မြေသည်တရုတ်နိုင်ငံသားများအတွက်သွားလာရေးစိတ်မချရကြောင်းဆိုသည်။ဘန်လင်းရွာတွင်၂၀၀၇ခုနှစ်စက်တင်ဘာလနေ့စွဲဖြင့်ကျေးရွာကော်မတီကစိုက်ထူထားသောတရုတ်နိုင်ငံသားများမြန်မာနိုင်ငံသို့နယ်စပ်ဖြတ်ကျော်သစ်ခုတ်ခြင်း၊ကုန်သွယ်ခြင်းမပြုရဟူသော တားမြစ်ချက်ဆိုင်းဘုတ်ကိုလည်းတွေ့ရှိခဲ့ရသည်။ ဘန်လင်းသည် အချိန်ပြည့်စောင့်ကြပ်နေမှု မရှိသောတရားဝင်မဟုတ်သည့် နယ်စပ်ဖြတ်ကျော်ရာနေရာတခုဖြစ်သည်။ ဒေသတွင်းသတင်း အရင်းအမြစ်များအရ အဆိုပါရွာတွင် သစ်များနောင်တောင်အထိ တင်ပို့နိုင်သော လမ်းကြောင်း ၁၀ခု ထက် မနည်းရှိသည်ဟုဆိုသည်။ လမ်းအများစုမှာ လမ်းကြမ်းသော တောလမ်းများဖြစ်ပြီး ကေအိုင်အို ထိန်းချုပ်သော မြန်မာနိုင်ငံဘက်နယ်စပ်ဒေသအတွင်း တည်ရှိသည်။ ရှီလီမြို့၏ နယ်စပ်ဖြတ်ကျော်ရာ နေရာနှင့်ယှဉ်လျှင် ၎င်း၏ပထဝီမြေပြင် အနေအထားသည် နယ်စပ်ဖြတ်နေရာပေါင်းစုံမှသစ်များကို လက်ခံထားနိုင်သောနေရာတွင် ရှိနေသည်။ သစ်အများစုသည် နောင်တောင်အား သစ်တင်သွင်းသော မြစ်ဖြတ်နယ်ကျော်နေရာများမှ လာသည်လည်းရှိသည်။ ရှီလီတွင် အခြေတည်သော ရွှန်မောင်ကုမ္ပဏီ၏ ကေအိုင်အိုထိန်းချုပ်သော အဓိကနယ်စပ်ဖြတ်နေရာများအတွင်း မြန်မာနိုင်ငံမှသစ်များကို ရှီလီဘက်မှသစ်ကွင်းများသို့ တင်ပို့နိုင်ရေး နေရာယူထားခြင်းက ၎င်းအခြေအနေများကို ပိုမိုခိုင်မာစေပြန်သည်။

ရှီလီရှိသစ်ဝေစုအတော်များများကိုမူဆယ်မှကျီကောင်ကိုဖြတ်သောနိုင်ငံတကာနယ်စပ်ဖြတ်နေရာမှတဆင့်တင်ပို့ထားခြင်းဖြစ်၏။ကျီခေါင်တွင်အခြေစိုက်သောသစ်တင်သွင်းသူကုမ္ပဏီနှစ်ခုအနက်ကျင်းပင်ကုန်သွယ်ရေးကုမ္ပဏီသည်ယူနန်တနယ်လုံးအတွင်သစ်တင်သွင်းမှုအများဆုံးပြုလုပ်သောကုမ္ပဏီများအနက်တခုအပါအဝင်ဖြစ်သည်။

ကျင်းပင်ရှိစက်ရုံအလုပ်ကြပ်တဦး၏ပြောကြားချက်အရ၎င်းတို့၏သစ်ကွင်းသို့ရောက်လာသောသစ်များ၏ ၉၈% သည် မြန်မာနိုင်ငံ မန္တလေးတိုက်နှင့် မုံရွာနှင့် အင်ကြီးတို့ အပါအဝင် ကချင်ပြည်နယ် တောင်ပိုင်းတို့မှ လာသောသစ်များဖြစ်သည် ဟုဆိုသည်။ တမလန်းနှင့် ပိတောက်သစ်များမှာမူ ထိုထက်ဝေးသော မြန်မာပြည်တွင်းနေရာများမှ ပင်ရောက်ရှိလာနိုင်ပြီး ကုန်သည်တဦး၏ အပြောအရ ဆိုလျှင် စစ်ကိုင်းတိုင်းအတွင်းအိန္ဒိယ - မြန်မာ နယ်စပ်အနီးရှိ ကလေးမြို့နှင့် တမူးမြို့တို့အနီးမှပင် ရောက်ရှိလာကြသည်ဟုဆိုသည်။ အခါအားလျော်စွာပင် မြန်မာအာဏာပိုင်များက ဖမ်းဆီးလေလံတင် ရောင်းချလိုက်သောသစ်များသည်လည်း ကျီကောင်သို့ပင် ရောက်ရှိလာသည်။

နောင်တောင်နယ်သို့ ရောက်လာသောသစ်အများစုသည် ကချင်ပြည်နယ်မှဖြစ်စေ ၎င်းနယ်အား ဖြတ်သန်း၍ဖြစ်စေ ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းအခြေအနေသည် တောပြုန်းသောနေရာများမှ ခုတ်ယူလာသော အရည်အသွေးမမှီသောသစ်များသာ ရှိနေသည့်အခြေအနေနှင့် မြန်မာနိုင်ငံအတွင်းပိုင်းမှ လာသောအရည်အသွေးမှီ ကြီးမားသောသစ်လုံးများတင်သွင်းသည့် ကျီကောင်နယ်နှင့်ကွာခြားနေချက်၏ အဖြေပင်ဖြစ်သည်။ ကုန်သည်တဦးကပြောဆိုသည်မှာ ယခုအချိန်တွင်သစ်ခုတ်သူများသည် မြန်မာနိုင်ငံအတွင်း ကီလိုမီတာ ၃၀၀ အကွာအထိဝင်ရောက်ကာ စီးပွားဖြစ် အဖိုးတန်သောသစ်များကို ရှာယူရသည်ဟုဆိုသည်။

## နယ်စပ်မျဉ်းအားဖြတ်ကျော်ခြင်း

မြန်မာနိုင်ငံဘက်ခြမ်းရှိနောင်တောင်နှင့်ရှီလီမြို့တို့ထံသို့ဦးတည်နေသောနယ်စပ်ဖြတ်ကျော်သောနေရာများသည်ကွဲပြားသောအုပ်စုများ၏ထိန်းချုပ်မှုများအောက်သို့ကျရောက်နေသည်။ဖြတ်သန်းမှုမပြတ်ရှိသောဘာပါ - ဘန်လင်းနေရာသည်ကေအိုင်အိုအပိုင်ဖြစ်ပြီး၊မူဆယ် - ကျီကောင်နေရာသည် မြန်မာအစိုးရအပိုင် ဖြစ်သည်။ ထိုသို့ မတူညီသောဒေသတွင်း နောက်ခံအခြေအနေများ ရှိနေသည့်အတွက် မတူညီသော စနစ်များသည် သစ်များ တရုတ်ပြည်သို့ အတားမရှိစီးဆင်းနေစေရေးအတွက် အဆင့်ဆင့်ပြောင်းလဲမှုများ ပြုလုပ်လာရသည်။

### အကွက်ချ ပေါင်းကြံသူများ

ဘာပါနယ်စပ်ဖြတ်ကျော်နေရာမှ စီးဆင်းသောသစ်များအား ထိန်းချုပ်မှုသည် အရေးပါသောလူလေးဦး ထိန်းကွပ်မှုအောက်တွင်ရှိနေပြီး ၎င်းတို့ဒေသတွင်း အမည်များဖြစ်သည့် ဘရန်န၊ တန်ပေါင်ဂွန်း၊ လီမော်ရန်နှင့် အလီကျဲတို့၏ နာမည်အတိုကောက်များဖြစ်သော ဘီဒီဝိုင်အေဂိုဏ်းဟု လူသိများပြီး ဒေသတွင်းကုန်သည်များက ထိုအဖွဲ့ကို တာရုး သို့မဟုတ် အုပ်စုကြီးဟု ခေါ်တွင်ကြသည်။ ကေအိုင်အို၊ မြန်မာအစိုးရနှင့် စစ်တပ်၊တရုတ်ဒေသတွင်းအရာရှိများ ပါပါဝင်သော အသေးစိတ်တိကျရှုပ်ထွေးသည့် အဆက်အသွယ်များကို အသုံးပြုပြီး အဆိုပါအုပ်စုသည် ဒေသတွင်း တရုတ်သစ်ခုတ်လုပ်ငန်းလေးများမှ ခုတ်ယူသောသစ်များ နယ်စပ်မှ ပြဿနာမရှိကျော်ဖြတ်နိုင်ရေးအတွက် အခရာကျသောနေရာမှ ပါဝင်လှုပ်ရှားနေ၏။

ဇူလိုင်မှနောက်နှစ်ဖွန်လအထိရည်တွက်သောသစ်ခုတ်နှစ်တိုင်းတွင်ဘီဒီဝိုင်အေအဖွဲ့ဝင်များသည်ဘာပါအပါအဝင်အနီးနားရှိသေးငယ်သည့်အခြားနယ်စပ်ဖြတ်ကျော်ရာနေရာများကိုဖြတ်သန်းသောသစ်များအတွက်အထူးအခွန်ကောက်ခွင့်ကိုလေလံဖြင့်ဝယ်ယူသည်။ထို့ပြင်ဘီဒီဝိုင်အေသည်မြန်မာစစ်တပ်အရာရှိများကိုသစ်တင်ကားများအစိုးရချုပ်ကိုင်သောနယ်မြေများအားလုံခြုံစွာဖြတ်သန်း၍နယ်စပ်သို့ရောက်ရှိစေရေးအတွက်အများအားဖြင့်ရွှေချောင်းများဖြင့်ပေးချေလာဘ်ထိုးခြင်းလည်းပြု၏။ရွှေသည်သစ်ရောင်းဝယ်ရေးအမှုများ အတွင်းငွေစက္ကူအတုများ အသုံးပြုမှုမြင့်တက်လာပြီးနောက်ပိုင်းတွင်ရွှေသည်နယ်စပ်ဖြတ်ကျော်သစ်ကုန် သည်မှုအတွက်အလုံးအရင်းဖြင့်ပေးချေရသော ရွေးချယ်စရာငွေကြေးတရပ်ဖြစ်လာခဲ့သည်။အဖွဲ့သည်မြှုပ်နှံထားသောအရင်းအနှီးများအတွက်အမြတ်ရစေရေးတွင်၎င်းတို့ထိန်းချုပ်သောနယ်စပ်ဂိတ်များကိုဖြတ်သန်းသည့်သစ်များအတွက်အခွန်ကောက်ခြင်းအားဖြင့်အမြတ်ရာကြသည်။၂၀၁၄တွင်တမလန်းနှင့်ပိတောက်တို့အတွက်တတန်လျှင်ပေးချေရသောဖြတ်သန်းခပမာဏမှာခန့်မှန်းချေယွမ်ငွေရှစ်ထောင် (အမေရိကန်ဒေါ်လာ၁၂၅၀) ခန့်ဖြစ်သည်။

ဘီဒီဝိုင်အေ၏အဖွဲ့ဝင်များသည်သူတို့၏လုပ်ငန်းများကိုသစ်များပို့ဆောင်ရေးလမ်းကြောင်းများလုံခြုံမှုရှိစေရေးတွင်သာကန့်သတ်မထားပဲကချင်ပြည်နယ်တွင်းသစ်ခုတ်မှုနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်သလိုယူနန်ပြည်နယ်တွင်လည်းသစ်ကုန်သွယ်ခြင်းနှင့်ကုန်ချောထုတ်ခြင်းတို့ကိုလည်းပြုလုပ်သည်။

ဘီဒီဝိုင်အေအဖွဲ့၏အဆိုးဆုံးအဖွဲ့ဝင်မှာအလီကျဲ (လီကျင်းလီဟုလည်းလူသိများသော) အသက် လေးဆယ်ပတ်ဝန်းကျင်ရှိသည့် တရုတ်အမျိုးသမီးပင်ဖြစ်သည်။ အဆိုပါ








**အပေါ်ဝဲဘက်ပုံ** - ရှီလီရှိ ရောင်မော်ကုမ္ပဏီပိုင် မြန်မာ သစ်လုံးများ၊ ဇွန် ၂၀၁၅။

**အပေါ်ယာဘက်ပုံ** - ၂၀၀၇ ရက်စွဲဖြင့် ဘန်လင်းအုပ်ချုပ်သူများက ထုတ်ပြန်ထားသော တရုတ်နိုင်ငံသားများအား နယ်စပ်ဖြတ်ကျော် သစ်ခုတ်ခြင်း၊ သစ်သယ်ခြင်းနှင့် လောင်းကစားခြင်းတို့အား တားမြစ်သည့် ဆိုင်းဘုတ်။

**အပေါ်အောက်ဆုံးပုံ** - ဘီဒီဝိုင်အေ ဂိုဏ်း၏ ဦးဆောင်သူ အဖွဲ့ဝင် အလီကျဲ

အမျိုးသမီးသည် နှစ်ပေါင်းများစွာပင် လောင်းကစားရုံအခွန်ကောက်ခြင်း၊ ကျောက်စိမ်းနှင့် သတ္တုရောင်းဝယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများပါဝင်သော စီးပွားရေးအင်ပါယာတခုကို ချဲ့ထွင်ရန်အတွက် ကေအိုင်အိုနှင့် မြန်မာစစ်တပ်ရှိနီးစပ်သောအဆက် အသွယ်ကောင်းများကို အသုံးပြုနေခဲ့သည်။ ၂၀၀၀ပြည့်နှစ်များ၏ အစောပိုင်းတဝက်ကာလများတွင်သူ၏ ထိုစဉ်က မန်မာစစ်တပ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဖြစ်သော မောင်မောင်ဆွေနှင့်နီးစပ်သောကြောင့် ကချင်ပြည်နယ်တွင်းအထူးသစ်ခုတ်ခွင့်ရခဲ့သည်။ [36]

သူ၏ ကေအိုင်အိုရှိ အကြီးတန်းရှိအရေးပါသူတဦးနှင့် နီးစပ်မှုကြောင့် ကေအိုင်အို၏ ဌာနချုပ်ဖြစ်သော လိုင်ဇာမြို့တွင်အမြတ်အလွန်ရသော စီးပွားရေးအခွင့်အလန်းများဖြစ်သည့် အခွန်ကောက်ခြင်းနှင့် ဟော်တယ်များဆောက်လုပ်ခွင့်တို့ကိုရရှိခဲ့သည်။ ဘီဒီဝိုင်အေမှ သီးခြားခွဲ၍ ရှိနေသော လုပ်ငန်းအဖြစ် လိုင်ဇာနှင့် ရှီလီမြို့မြောက်ပိုင်း ရင်ကျန်ဒေသအကြား ကုန်ပစ္စည်းများစီးဆင်းမှုဆိုင်ရာ အခွန်ကောက်ခွန်မှုကိုလည်း ၎င်းအမျိုးသမီးက တဦးတည်းထိန်းချုပ်ထား၏။
ဘီဒီဝိုင်အေတွင်ဒုတိယအဓိကကျသူမှာလီမော်ရန်ဖြစ်ပြီး၎င်း၏တရုတ်အမည်ဖြစ်သောလီမောရုံဖြင့်လည်းလူသိများသည်။ရှီလီတွင်အခြေစိုက်သောလီသည်ဟောင်မူးပရိဘောဂများနှင့်အထပ်သားလုပ်သည့် ရောင်မော်သစ်ကုန်သွယ်ရေးနှင့် အာအန်အမ်သစ်ကုမ္ပဏီ အစရှိသည့်ကုမ္ပဏီများကို ပိုင်ဆိုင်လည်းပိုင်ဆိုင်သည်။

လီသည် နိုင်ငံဖြတ်ကျော်သစ်ကုန်သွယ်မှုတွင် ပါဝင်လုပ်ကိုင်နေခဲ့သည်မှာ ဆယ်စုနှစ်တခုမျှပင် ရှိခဲ့ပြီဖြစ် သည်။ ၂၀၀၉ခုနှစ်တွင်ထွက်သော သတင်းများအရသူ၏ ကုမ္ပဏီသည် ဘန်လင်းတွင် သစ်ကွင်းကြီး တကွင်းနှင့် ဘာပါတွင် သစ်စက်တခုကို ပိုင်ဆိုင်ကာ ကချင်ပြည်နယ်ရှိ နိုင်ငံရေးအုပ်စုများအား သစ်ခုတ် ရေးရာသီတခုတည်းအတွက် အမေရိကန်ဒေါ်လာ ၁.၅ သန်းပေးချေခဲ့ ကြောင်း သတင်းထွက်ခဲ့သည်။ သူသည် ထိုစဉ်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဖြစ်သော စိုးဝင်းနှင့် ယွမ်ငွေခြောက်သိန်းတန် (အမေရိကန်ဒေါ်လာ၈၈၀၀၀ခန့်) သဘောတူညီမှုတခု ရယူပြီးနောက်ပိုင်း ကချင်ပြည်နယ် ဗန်းမော်ခရိုင် အတွင်း သစ်ခုတ်သော အုပ်စုငယ်များအား ကြီးကြပ်ရသည့်နေရာ ရခဲ့သည်ဟုဆိုကြသည်။ [37]

၂၀၁၅ခုနှစ်တွင် ရှီလီနှင့်နောင်တောင်ရှိကုန်သည်များက အီးအိုင်အေစုံစမ်းစစ်ဆေးသောသူများကို ပြောဆိုသည်မှာ လီသည် နောင်တောင်သို့ ဝင်သောသစ်များဖြန့်ချီသော လုပ်ငန်းစဉ်ကို ချုပ်ကိုင်ထားပြီး ၂၀၁၄-၁၅ သစ်ခုတ်ရာသီအတွက် ဘာပါဒေသအားဖြတ်သန်းသောသစ်များ၏ အခွန်ကောက်ခွင့် ကန်ထရိုက်ရခဲ့သည် ဟုဆိုသည်။ သူ့အား ဒေသတွင်းတွင် အကြီးဆုံးသစ်ကုန်သည်အဖြစ် သတ်မှတ် ထားကြပြီး နဂါးခေါင်းအဖြစ် ခေါ်ဝေါ်သမုတ်ကြသည်။ အီးအိုင်အေရှီလီသို့ ရောက်ရှိလာချိန်တွင် လီထံတွင် တန်ချိန် ၄၀၀၀ ရှိသောသစ်များ ရှီလီရှိသစ်ကွင်းတွင် အရံသင့်ရှိနေပြီး တမလန်းသစ်များ ဈေးကျစဉ်မှစပြီး ကျွန်းသစ်များကို အဓိကထားတက်ကြွစွာ ကုန်သွယ်နေကြောင်းကို သိရှိခဲ့ရသည်။ တရုတ် အကောက်ခွန် အချက်အလက်များအရလည်း သူ၏ ရောင်မော်ကုမ္ပဏီသည် ၂၀၁၄ အတွင်း မြန်မာနိုင်ငံမှ ကျွန်းသစ်လုံး တန်ချိန်ပေါင်း ၁၀၂၆၃ တင်သွင်းခဲ့ကာ တရုတ်တနိုင်ငံလုံးတွင် စတုတ္ထအများဆုံး တင်သွင်းသူဖြစ်ခဲ့ပြီး တမလန်းသစ်ကိုလည်း ၁၂၇၂၀ တန်မျှ တင်သွင်းခဲ့သည်။ [38]

ဘီဒီဝိုင်အေသည် ၂၀၁၁ တွင် ကချင်နှင့် မြန်မာအကြား တိုက်ခိုက်မှုများ ပြန်လည်တိုးမြှင့်လာသည့် နောက်ပိုင်းတွင် ၎င်း၏ လှုပ်ရှားမှုများကို တိုးမြှင့်လာခဲ့ ကြောင်းသိရသည်။ ၂၀၁၅ ရောက်လာသည့် အချိန်တွင် အလီကျဲသည် ကေအိုင်အေအား ငွေကြေးမြောက်များစွာပေးချေပြီး သစ်ခုတ်ခွင့်နှင့် သစ်ကုန်သွယ်ခွင့်များကိုရယူရာတွင် အခြားဂိုဏ်းဝင်များကို ချန်ထားခဲ့ သာကြောင့် ဂိုဏ်းကွဲမှု ဖြစ်ပေါ်ခဲ့သည်။ [39]

သို့ရာတွင် ဘီဒီဝိုင်အေသည် ဒေသတွင်း အပြည့်အဝလက်ဝါးကြီးအုပ်ထားနိုင်သည့် အာဏာတော့မရှိချေ။ နောင်တောင်တွင်အသွားအလာနည်းသောတောလမ်းများကိုသုံးကာဘီဒီဝိုင်အေအားအခွန်ပေးဆောင်ခြင်းကို ရှောင်ရှားသော အုပ်စုငယ်ငါးခုရှိသည်။ ၎င်းတို့ အသုံးပြုသောလမ်းသည် မြန်မာစစ်တပ် ထိန်းချုပ်သော နယ်မြေအတွင်းတွင်ရှိပြီး သစ်များဖြတ်သန်းခွင့်အတွက်သစ်ကားတစီးလျှင် စစ်တပ်အားယွမ်ငွေသုံးသောင်း

## အီးအိုင်အေ၏စုံစမ်းတွေ့ရှိချက်များ

(အမေရိကန်ဒေါ်လာ၄၇၀၀) အထိပေးချေရသည်။ ၎င်းအုပ်စုများအတွင်းမှ အဖွဲ့ဝင်တဦးက အီးအိုင်အေ၏ စုံစမ်းစစ်ဆေးသူများကိုပြောသည်မှာ နယ်စပ်ရှိတိုက်ပွဲများ ပြန်စလာသည်နှင့် သူ၏စီးပွားရေးအရှိန်သည် လည်းမြင့်လာသည်ဟုဆိုသည်။

### အကောက်ခွန်ကိုယ်စားလှယ်များ

မူရင်းလာသောနေရာ သို့မဟုတ် ဖြတ်သန်းလာသောဂိတ်တို့ မည်သည့်နေရာမှဖြစ်စေ မြန်မာပြည်မှ တရုတ်နိုင်ငံသို့ ဝင်ရောက်လာသောသစ်များသည် သွင်းကုန်အခွန်ဆောင်နေသေးသရွေ့ ကုန်သွယ်ရေးနှင့် ဖြန့်ချီရေးအတွက်တရားဝင်သည်ဟု အသိအမှတ်ပြုခံရ၏။ ထို့အပြင် ကျီကောင်နယ်သည် နိုင်ငံတော် အဆင့် လွတ်လပ်စွာကုန်သွယ်ခွင့်ရပြီး နောင်တော်သည်လည်း မြို့နယ်ကြီးအဆင့် လွတ်လပ်စွာ ကုန်သွယ်ခွင့်ရသောကြောင့် ထိုနယ်တို့သို့ ရောက်လာသောသစ်များအတွက် အခြားနေရာသို့ ရွှေ့ပြောင်းရောင်းချမှု မပြုမချင်း အကောက်ခွန်ပေးရန် ပင်မလိုအပ်ချေ။ ၎င်းအခြေအနေသည် တရုတ်တင်သွင်းသူများအတွက် အသုံးဝင်သော အဆွယ်ကောင်းတခုဖြစ်နေပြီး တင်သွင်းသောသစ်များကို မြန်မာနိုင်ငံနယ်စပ်မတည်ငြိမ်သောနေရာများတွင် ထားမည့်အစား လုံခြုံရာတွင် ထိန်းသိမ်းထားနိုင်ကြ၏။

နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု၏ အဓိကကျသော အခြေခံအကြောင်းမှာ ၂၀၀၆ယူနန်မူဝါဒနှင့် အညီဖြစ်သော စာရွက်စာတမ်းများတင်သွင်းမှု ပါဝင်သည့် အခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်နှင့် တရုတ် အာဏာပိုင်များအားသွင်းကုန်ခွန် ပေးသွင်းရေးအတွက် အသုံးပြုသောစနစ်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်အား ယူနန်နယ်ကုန်သွယ်ရေးဌာနတွင် မှတ်ပုံတင်ထားသော အထူးသယ်ယူပို့ဆောင်ရေး ကုမ္ပဏီများက လုပ်ကိုင်ကြသည်။

ကျီကောင်တွင်အီးအိုင်စုံစမ်းစစ်ဆေးသူများသည်ဒေသတွင်းမြန်မာနိုင်ငံမှလာသောသစ်များအတွင်းအခွန်ရှင်းလင်းရေးအကြီးဆုံးကိုယ်စားလှယ်ဖြစ်သောယူနန်ရှီလီကျင်ဖင်းကုန်သွယ်ရေးအုပ်စုနှင့်တွေ့ဆုံခဲ့၏။ ကျင်ဖင်းသည် မူဆယ် - ကျီကောင်နယ်ခြားဖြတ်နေရာသို့ ရောက်လာသော မြန်မာနိုင်ငံမှသစ်များကို တင်သွင်းလိုသောလုပ်ငန်းရှင်များကို အခွန်ရှင်းလင်းရေးဝန်ဆောင်မှုပေးပြီး သစ်များအတွက် သိုလှောင်ရေး နေရာများကိုလည်း ကုန်သွယ်လွတ်လပ်နယ်မြေအတွင်း တပါတည်း ဝန်ဆောင်မှုပေးနေသော ကိုယ်စားလှယ်လုပ်ငန်းတခုဖြစ်သည်။

အီးအိုင်အေစုံစမ်းစစ်ဆေးသူများသည် ကျင်ဖင်းမှအလုပ်ကြပ်တဦးနှင့် တင်သွင်းသည့်လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အသေးစိတ်စကားပြောဖြစ်ခဲ့ပြီး အဆိုပါအလုပ်ကြပ်က သွင်းကုန်နှင့် ပတ်သက်သော လိုအပ်သည့် စာရွက်စာတမ်းကို နမူနာကိုပြခဲ့သည်။ ထိုအလုပ်ကြပ်၏ အဆိုအရ တရုတ်နိုင်ငံသို့ တင်သွင်းရန်အတွက် မြန်မာနိုင်ငံမှ မည်သည့်တင်ပို့မှု ဆိုင်ရာစာရွက်စာတမ်းမျှမလိုအပ် ဟုဆိုသည်။ ၎င်းက အနီးအနားတွင် ရှိသောသစ်ပုံများကိုပြ၍ ထိုသစ်များမှာ ခိုးသွင်းလာခြင်းဖြစ်ပြီး အခွန်ငွေပေးသွင်းသရွေ့ တင်သွင်းခွင့်ပြုနေသည်ဟုဆိုသည်။ တင်သွင်းရေးအတွက် လိုအပ်သောစာရွက်စာတမ်းများတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်း၊ ပြည်နယ် သစ်တောရေးရာကြီးကြပ်ရေး၊အကောက်ခွန်နှင့်ထိန်းသိမ်းထားခြင်းဆိုင်ရာစာရွက်စာတမ်းများလိုအပ်၏။

အီးအိုင်အေစုံစမ်းစစ်ဆေးသူများသည်ထိုအလုပ်ကြပ်နောက်သို့လိုက်သွားပြီးကျီကောင်ရှိအဆိုပါလုပ်ငန်းစဉ်ကိုလိုက်လံကြည့်ရှုခဲ့သည်။နယ်စပ်ဖြတ်သည့်နေရာတွင်ကုန်ကားမောင်းသူသည်သူ၏နိုင်ငံကူးလက်မှတ်၊စာရွက်စာတမ်းနှင့်အခွန်ငွေတို့ကိုကျင်ဖင်းဝန်ထမ်းအားပေးလိုက်ပြီးထိုဝန်ထမ်းကရုံးအတွင်းသို့ဝင်ကာ အကောက်ခွန်အရာရှိထံသို့ စာရွက်စာတမ်းနှင့် အခွန်ငွေကိုပေးလိုက်၏။ အရာရှိက စာရွက်စာတမ်းများကို စစ်ဆေးပြီးသည့်အခါတွင် အပြင်တွင်ရှိသော ကုန်ကားများကို စစ်ဆေးရန်တာဝန်ရှိသော စစ်ဝန်ထမ်းအား အချက်ပြလိုက်ပြီးသည့်နောက်တွင်ကုန်ကားသည်အစစ်ဆေးမခံရပဲလက်ပြ၍ဝင်ရောက်လာနိုင်၏။ ဤအခြေအနေတွင်သယ်ယူပို့ဆောင်ရေးကုမ္ပဏီတခုသာဖြစ်သောကျင်ဖင်းနှင့်အကောက်ခွန်အရာရှိတို့၏နီးစပ်စွာဆက်စပ်မှုရှိနေသည်ကိုအထင်းသားတွေ့ရသည်။

အီးအိုင်အေကမြင်တွေ့ခဲ့ သာစာရွက်စာတမ်းများကဖော်ပြနေသည်မှာကျင်ဖင်းသည်မြန်မာနိုင်ငံအတွင်း သစ်အလုံးလိုက်တင်ပို့မှုမပိတ်ပင်ခင်ကာလနှင့်ကပ်နေသော၂၀၁၄မတ်လ၄ရက်နေ့နေ့စွဲဖြင့်ထုတ်ပြန်ထားသောယူနန်စီးပွားကူးသန်းဌာနကခွဲတမ်းပေးထားသည့်သစ်လုံးကုဗမီတာ၅၀၀၀၀တင်သွင်းခွင့်ကိုအသုံးပြု နေခြင်းဖြစ်သည်။အဆိုပါတင်သွင်းခွင့်ကို၂၀၁၅ဇွန်လအထိဆက်လက်အသုံးပြုနေခဲ့ဖြစ်၏။

၂၀၁၅ခုနှစ်အတွင်းတမလန်းနှင့်ပိတောက်သစ်များအတွက်အကောက်ခွန်အားပေးသွင်းရသောအခွန်ခများမှာယွမ်ငွေ၂၂၀၀နှင့်၂၃၀၀ကြားဖြစ်သည်။ကျွန်းသစ်အတွက်အကောက်ခွန်မှာမူ တတန်လျှင်ယွမ်ငွေ၈၀၀ဖြစ်သည်။တမလန်းနှင့်ပိတောက်သစ်တို့အတွက်တတန်လျှင်၂၀၁၄အတွင်းပေးရသောအခွန်ငွေမှာယွမ်၁၀၀၀သာရှိခဲ့သည်ဟုဆို၏။

တရုတ်အကောက်ခွန်အချက်လက်များအရကျင်ဖင်းသည်၂၀၁၄အတွင်းမြန်မာနိုင်ငံမှတမလန်းသစ်အတင်သွင်းဆုံးကုမ္ပဏီဖြစ်ပြီးတန်ချိန်၃၄၂၇၄ တန်တင်သွင်းခဲ့သည်ဟုဆိုသည်။ [40]


ကျီကောင်ရှိ ကျင်ဖင်းကုမ္ပဏီ၏ သိုလှောင်ရုံသို့ တမလန်းသစ်များ ရောက်ရှိလာပုံ၊ ဇွန် ၂၀၁၅။


ကျီကောင် နယ်စပ်ဂိတ်။

# နယ်စပ်ဖြတ်သစ်ကုန်သွယ်မှုအလုပ်လုပ်ပုံဇယား

## သစ်မူလဇစ်မြစ်

**၁(က)။ကုန်သည်အုပ်စုများသည်မတည်ရင်းနှီးငွေကိုထည့်ဝင်ပြီးဒေသခံတပ်များထံမှတောင်တန်းများတွင်သစ်ခုတ်ခွင့်ကိုရယူကြသည်။**
မကြာခဏဆိုသလိုပဲထိုစာချုပ်များမှာလိုက်နာမှုမရှိခြင်း၊ယာယီရပ်ဆိုင်းခြင်းနှင့်ပယ်ဖျက်လိုက်ခြင်းတို့ဖြစ်လေ့ရှိပြီးအဆိုပါဖြစ်စဉ်များသည်ကေအိုင်အိုထိန်းချုပ်သောနယ်မြေများတွင်ဖြစ်လေ့ရှိသည်။

တောင်များအားအလုံးလိုက်ငှားရမ်းခသည်တောင်အရွယ်အစားကိုလိုက်၍ယွမ်ငွေသန်းနှင့်ချီပြီးတန် ကြေးရှိသည်။လမ်းများဖောက်လုပ်ရန်နှင့်အလုပ်သမားငှားရန်အပိုကုန်ကျစရိတ်များလည်းရှိသည်။သစ်ခုတ်သမားများကိုတနေ့လျှင်ပျမ်းမျှယွမ်ငွေ၃၀၀ဝန်းကျင်ပေးရသည်။

**၁(ခ)။တောင်တန်းများဆီသို့သစ်ခုတ်ရန်သွားသောရွာသားများထံမှသစ်ဝယ်သူများ**
ကုန်သည်ငယ်များသည်တောင်အလုံးလိုက်ငှားရမ်းခြင်းကဲ့သို့စရိတ်ကြီးပြီးအန္တရာယ်များသောရင်းနှီးမြုပ်နှံမှုများထက်ကုန်ကြမ်းအတွက်အဆိုပါဝယ်ယူနည်းကိုသုံးကြသည်။တရားမဝင်သစ်ခုတ်ခြင်းအပေါ် အာရုံစိုက်မှုများလာချိန်တွင်ဤနည်းကအလာအလာကောင်းသည်ဟုမြင်ကြသည်။

၂၀၁၄-၁၅အတွက်အကြမ်းဖျင်းဈေးနှုန်းများမှာအောက်ပါအတိုင်းဖြစ်သည်။။
-တမလန်း = ယွမ်၆၀၀၀ - ၇၀၀၀
-ပိတောက် = ယွမ်၄၀၀၀
-ကျွန်း (လုံး/ ခါးရွေ) = ယွမ် (၂၅၀၀/ ၃၆၀၀ - ၃၈၀၀)

## သယ်ယူပို့ဆောင်ရေး

**၂(က)။သစ်တောများမှနယ်စပ်သို့သယ်ယူပို့ဆောင်ရေး**
နယ်မြေနှင့်လမ်းကြောင်းကိုလိုက်ပြီးဈေးနှုန်းကွဲပြားသည်။သယ်ယူပို့ဆောင်ရေးကြာချိန်သည်နေရာနှင့်လမ်းကြောင်းအလိုက်၄ရက်မှတပတ်အထိကြာသည်။

တန်၄၀ကားအတွက်ယွမ်ငွေ၈၀၀၀၀သို့မဟုတ်တတန်လျှင်ယွမ်၂၀၀၀ (နောင်တောင်ဒေသခန့်မှန်းချက်)
ကားဝင်ရောက်ခတစီးလျှင်ယွမ်တသောင်းပေးရခြင်းလည်းရှိသည်။

**၂(ခ)။သစ်တောများမှနယ်စပ်သို့ပို့စဉ်ပေးရသောအပိုကြေးများ**
အဆိုပါအပိုကြေးများကိုအခွန်ဟုခေါ်ကြသော်လည်းအများအားဖြင့်ကိုယ်ကျိုးအတွက်ပေးရသောလာဘ်ထိုးငွေများသာဖြစ်လေသည်။အပိုကြေးများကိုအမျိုးမျိုးသောအာဏာပိုင်များ၏စစ်ဆေးရေးဂိတ်များမှကောက်ခံ၏။ (သစ်တော၊ရဲ၊စစ်တပ်နှင့်ကေအိုင်အိုအစရှိသဖြင့်)

ပျမ်းမျှတန်၄၀ကားတစီးလျှင်ယွမ်ငွေ၂၀၀၀၀၀သို့မဟုတ်တတန်နှင့်ယွမ်၅၀၀၀ (စစ်ဆေးရေးဂိတ်၆ခုတလျှောက် - နောင်တောင်ခန့်မှန်းခြေ)
ပျမ်းမျှတန်၄၀ကားတစီးလျှင်ယွမ်ငွေ၃၈၀၀၀၀ (ကျီတောင်ခန့်မှန်းခြေ - စစ်ဆေးရေးဂိတ်အရေအတွက် မသိရ)

## ပို့ကုန်အခွန်

**၃(က)။ဒဖူးဂိုဏ်းသို့ပေးရသောပို့ကုန်ခွန်**
ကေအိုင်အိုနယ်စပ်ဂိတ်များတလျှောက်မြန်မာနိုင်ငံမှသစ်များမထွက်ခင်တွင်ဒဖူးအုပ်စုအားပေးရသောအခွန်

၂၀၁၅အရ။။
တမလန်းနှင့်ပိတောက်အတွက်ယွမ်၅၀၀၀ - ၆၃၀၀
ကျွန်းသစ်အတွက်ယွမ်၄၀၀၀

**၃(ခ)။မြန်မာအစိုးရအားပေးရသောပို့ကုန်ခွန်**
အတည်ပြုရခြင်းမရှိသော်လည်းမြန်မာအစိုးရအားပေးရသောအကောက်ခွန်မှာတတန်ချင်းထက်ကားအစီးလိုက်သာကောက်ခံသည်ဟုဆိုသည်။

တန်၃၀မှတန်၄၀အထိတင်နိုင်သောသစ်ကားအတွက်ယွမ်၂၀၀၀၀မှ၃၀၀၀၀အကြား

## တင်သွင်းခွန်

၄။တရုတ်တင်သွင်းခွန်
ကုန်သည်များကတင်သွင်းခွန်ဟုခေါ်ကြသော်လည်းပေးရသောငွေတွင်ထိန်းသိမ်းခနှင့်စစ်ဆေးခ၊နိုင်ငံအလိုက်နှင့်ဒေသအလိုက်အခွန်အစရှိသဖြင့်ပါဝင်ပြီးဖြစ်သည်ဟုဆိုသည်။အခွန်အားတင်သွင်းသောသစ်အမျိုးအစားနှင့်အလေးချိန်ကိုလိုက်၍ကောက်ခံသည်။

၂၀၁၅အတွက်အခွန်ခ
ယွမ်၂၂၀၀ - ၂၄၀၀ (တမလန်း၊ပိတောက်)
(၂၀၁၄ - ပျမ်းမျှယွမ်ငွေ၁၀၀၀)
ယွမ်ငွေ၇၀၀၀ (ကျွန်း)

## ဈေးကွက်ပေါက်ဈေး

**ရွှီလီ/နောင်တောင်ရှိကုန်ကြမ်း**
အရွယ်အစားအလိုက်ဈေးနှုန်းကွဲပြားသည်။

ယွမ်ငွေ၃၀၀၀၀ (လုံးပတ်တပေအထက်တမလန်း)
ယွမ်ငွေ၁၅၀၀၀ (လုံးပတ်တပေအောက်တမလန်း)
ယွမ်ငွေ၁၀၀၀၀ အထက်မှ - ၂၀၀၀၀ (ကျွန်း)

## တရုတ်နိုင်ငံအတွင်းကုန်ချောဈေး

| | |
|---|---|
| တမလန်းပရိဘောဂသုံးခုပါအိပ်ရာတစုံ | ယွမ်ငွေ၆၈၀၀၀ |
| ပိတောက်သားစာရေးစားပွဲ | ယွမ်ငွေ၂၆၅၀၀ |
| အခြေခံကျွန်းသားကြမ်းခင်း | ယွမ်ငွေ၄၅၀ - ၅၀၀ (တမီတာပတ်လည် တကွက်) |

မှတ်ချက် - ကိန်းဂဏန်းများကို အီးအိုင်အေ၏ ကွင်းဆင်းစုံးစမ်းချက်များမ အချက်အလက်များဖြစ်ပြီး ၎င်းတို့ကို တရုတ်ငွေကြေးရီမင်ဘင်ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

## မြန်မာနိုင်ငံတွင်တရုတ်နိုင်ငံသား၁၅၅ယောက်အဖမ်းခံရခြင်း

ကချင်ပြည်နယ်မြို့တော်မြစ်ကြီးနားမြို့မှကီလိုမီတာ၁၀၀ခန့်အကွာဝိုင်းမော်မြို့အနီးရှိသစ်ခုတ်လုပ်ရေး စခန်းကြီးတခုအားမြန်မာစစ်တပ်ကဇန်နဝါရီလ၂၀၁၅တွင်ဝင်ရောက်စီးနင်းမှုပြုလုပ်ခဲ့သည်။ထိုစီးနင်းမှု အတွင်း တရုတ်နိုင်ငံသား ၁၅၅ဦး အဖမ်းခံခဲ့ရသည်ဟု သတင်းထွက်လာပြီးသည့်နောက်ပိုင်းတွင် ယူနန်၏ဘောင်ရှန် စီရင်စုအတွင်းရှိ အဓိကမြို့ဖြစ်သော တိန်ချောင်မြို့သည် လူစိတ်ဝင်စားစရာ ဖြစ်လာခဲ့သည်။ဖမ်းဆီးခံရသော အလုပ်သမားများမှာ အများအားဖြင့် ဟူကောင်းနယ်စပ်မြို့မှ ဖြစ်ပြီး၎င်းတို့ကို တိန်ချောင်အခြေစိုက်ကုမ္ပဏီများက ငှားရမ်းထားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးမှုများသည်သံတမန်ရေးတင်းမာမှုတခုဖြစ်လာလိမ့်မည်ဟုမည်သူကမျှထင်မထားခဲ့ပေ။ တရုတ်ကုန်သည်တဦးကသွေးနှင့်ချွေးရင်းရသည့်လုပ်ငန်းတခုဟု ခေါ်သည့်ကချင်ပြည်နယ်အတွင်းသစ်ခုတ်၊သစ်ပို့ရသောအလုပ်လုပ်ရသည့်တရုတ်အလုပ်သမားများအတွက်အဖမ်းခံရမှုနှင့်မကြာခဏအကြမ်းဖက်ခံရမှုတို့မှာနေ့စဉ်ဘဝတွေ့ကြုံနေ ကျကိစ္စဖြစ်နေပြီးဖြစ်၏။သို့သော်နယ်စပ်ဒေသအလုပ်ရှားပါးသောနေရာများရှိအလုပ်သမားအများစုမှာ ရရာအလုပ်ကို အကဲစမ်းလုပ်ကိုင်ကြရသည်။ ၂၀၁၄တနှစ်တည်းတွင် ပင်အနည်းဆုံး၁၆၀၀ယောက်သော တရုတ်အလုပ်သမားများသည် အထက်ပါစီးနင်းခြင်းခံရသော နေရာရှိတောင်တန်းများသို့ သစ်ခုတ်ရေးအတွက်စေလွှတ်ခြင်းခံခဲ့ရသည်ဟုဆို၏။[41]

တိန်ချောင်သည်မြန်မာနိုင်ငံမှကျောက်စိမ်းနှင့်သစ်အဓိထားသောသဘာဝအရင်းအမြစ်များအားကုန်သွယ်ရာအရေးပါသောဌာနတခုဖြစ်နေသည်မှာကြာပြီဖြစ်သည်။အီးအိုင်အေကရှီလီနင့်နောင်တောင်တွင်တွေ့ခဲ့သော သာကုန်သည်အများစုမှာ တိန်ချောင်မှဖြစ်ကြသည်။ ဘီဒီဝိုင်အေဂျင်းမှ အလီကျီသည် တိန်ချောင်တွင် သူ့ကိုယ်ပိုင်အိမ်ရှိ၏။ တိန်ချောင်နယ်အစိုးရသည် ယခင်ကတည်းက ကချင်ပြည်နယ်တွင်းတွင် ကုန်ကြမ်းများတရုတ်ပြည်တွင်းသို့လျင်မြန်စွာရောက်ရှိရေးအတွက လမ်းများပင်ဖောက်လုပ်ပေးခဲ့ပြီး၂၀၀၅ခုနှစ်ရောက်ခဲ့သည့်အချိန်တွင်အများအားဖြင့်သစ်ကုန်သွယ်မှုမှလာသောနယ်စပ်ကုန်သွယ်မှုအခွန်ငွေများမှ ယွမ်ငွေ၇၈သန်း (အမေရိကန်ဒေါ်လာ၁၀သန်း)ကို ခြောက်လအတွင်း ရရှိခဲ့သည်။[42] မြစ်ကြီးနားမြို့မှ ကီလိုမီတာ၂၀၀ခန့်သာ ဝေးသောတိန်ချောင်မြို့ယူနန်-ကချင်ကုန်သွယ်မှုတွင် အရေးပါမှု၏ ပြယုဂ်အဖြစ် ဟူကောင်း - တိန်ချောင် ဖြတ်သန်းရေးလမ်းအား ပြည်နယ်အဆင့် ဝင်ပေါက်အဖြစ် မြှင့်တင်ပေးမှုကို တွေ့မြင်ခဲ့ရသည်။[43]

ဝိုင်းမော်ရှိ၂၀၁၅ဇန်နဝါရီလဖြစ်စဉ်သည်ပထမတွင်ရာနှင့်ချီသောတရုတ်အလုပ်သမားများကချင်ရှိဘက်ပေါင်းစုံသောပဋိပက္ခများအကြားတွင်ရှုပ်ထွေးရောပါမိသွားခြင်းဟုထင်ရသော်လည်းအီးအိုင်အေ၏တွေ့ရှိချက်များအရအဆိုပါသစ်ခုတ်ရေးလုပ်ငန်းများမှာအလွန်စနစ်ကျစွာလည်ပတ်နေပြီးဒေသတွင်းအရှိန်အဝါရှိသော ကြားခံလူများနှင့် တရုတ်ကုမ္ပဏီများ၏ ကြီးကြပ်မှုအောက်တွင်ရှိနေကြောင်းသိရှိခဲ့ရသည်။

ကချင်ပြည်နယ်အတွင်းလဆန်အော်ဝခေါင်းဆောင်သောအဖွဲ့ခွဲထွက်ထားသည့်တိုင်းရင်းသားနိုင်ငံရေးအုပ်စု၏လက်အောက်တွင်ရှိသောနယ်မြေတွင်တိုက်ပွဲဖြစ်ပွားခဲ့၏။၂၀၀၅ခုနှစ်တွင် အဆိုပါခေါင်းဆောင်သည် ကေအိုင်အို၏ လုံခြုံရေးအရာရှိချုပ် ဖြစ်ပြီးမြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆို၍ နယ်မြေ ထိန်းချုပ်ခွင့်နှင့် သစ်ထုတ်ခွင့်၊ရွှေတူးခွင့်များပြန်လည်ရရှိပြီးကေအိုင်အိုမှခွဲထွက်ခဲ့သူလည်းဖြစ်သည်။[44] သူ၏အုပ်စုသည် ကချင်ဒီမိုကရေစီသစ်တပ်မတော်နှင့် မဟာမိတ်ဖွဲ့ထားပြီး မြန်မာအစိုးရနှင့် တွဲဖက်၍ နယ်ခြားစောင့်တပ်ဖွဲ့တာဝန်ကိုထမ်းဆောင်နေသည်။

အီးအိုင်အေကရရှိသောတောင်းဆိုရေးစာတစောင်မှအချက်အလက်များအရအဖမ်းခံရသောအလုပ်သမား များ၏ပိုင်ရှင်သဌေးများသည် လဆန်အော်ဝပိုင်သောနယ်မြေအတွင်းမှဂွီတောင်နှင့်ဂူတိုင် (လိပ်ခေါင်းနှင့် ဆင့်ငါးဆင့်) ခေါ်သည့် တောင်နှစ်လုံးအား၂၀၁၄-၁၅ရာသီအတွက် သစ်ခုတ်ခွင့်ကို ဝယ်ယူထားပြီး ဖြစ်သည်ဟုပြောဆိုထားသည်။ ထိုခုတ်ခွင့်ဝယ်ယူမှုတွင် အဓိကကျသောကြားလူမှာ ဂူယန်ဂန်ဖြစ်ပြီး သူသည် တိန်ချောင်အခြေစိုက်ကုမ္ပဏီများ ကိုကိုယ်စားပြုကာ လဆန်အော်ဝါနှင့် ညှိနှိုင်းရယူခဲ့ကြောင်းသိရသည်။ ဂူသည်တိန်ချောင်အနီး ဂူယောင်ဒေသမှ လာသော တရုတ်မျိုးနွယ် မျိုးရိုးပါသည့် မြန်မာပြည်ဖွားဖြစ်သည်။ သူ့တွင် စစ်တပ်နောက်ခံရှိပြီး




© Minzayar/Initium Meida

နယ်ခြားစောင့်တပ်ရင်း ၁၀၀၃ ၏ ဗိုလ်ချုပ်လည်းဖြစ်သည် ဟုဆိုကြသည်။ သူသည် မြန်မာလွှတ်တော်အမတ်ဖြစ်ပြီး ကချင်ဒီမိုကရေစီတပ်မတော်၏ ခေါင်းဆောင်လည်းဖြစ်သော ဇခုန်တိန်းယိန်း၏ မွေးစားသားလည်းဖြစ်သည် ဟုဆိုကြသည်။

တရုတ်ပြည်ဘက်တွင်လည်းအီးအိုင်ကကြားသိရသည်မှာအဖမ်းခံရသောတရုတ်အလုပ်သမားများ၊ကုန်ကားမောင်းသူမျာ းသည်တိန်ချောင်အခြေစိုက်အဓိကသစ်ကုန်သည်လေးဦး တာဖူးဂိုဏ်းဖြစ်သော ဂူဝေ၊လီဇီဘို၊ ကျန်ကီဂျင်နှင့် လီကွမ်းချောင်တို့၏ ကြီးကြပ်မှုအောက်တွင် ယာယီသဘောတူညီမှုဖြင့် ခန့်အပ်ထားသူများ ဖြစ်သည် ဟုဆိုသည်။ အီးအိုင်အေ၏ သုံးသပ်ချက်များအရ တွေ့ရှိရသည်မှာ ဟူကောင်းနယ်ခြားအား ဖြတ်သန်းသောသစ်ကုန်သွယ်မှုသည "ရွှီလီရှိသစ်ကုန်သွယ်မှုကဲ့သို့ပင်ဖွဲ့စည်းလည်ပတ်နေသည်။ လည်ပတ်နေပုံမှာ အဓိက တာဖူးဂိုဏ်းအုပ်စုသည် အရှိန်အဝါကြီးသောကြားလူပွဲစားများကို အသုံးပြုပြီး ကချင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်များထံမှ သစ်ခုတ်ခွင့်များရယူကာ ထို့နောက် သစ်ခုတ်ခွင့်နှင့် လမ်းများအသုံးပြုခွင့်အတွက် အခပေးသောလုပ်ငန်းငယ်များကို လက်လွှဲရောင်းချ လုပ်ကိုင်ကြခြင်း ဖြစ်သည်။ စီးနင်းမှုပြုစဉ် ရှိနေခဲ့သော ယဉ်မောင်းတဦးထံမှ ငွေလက်ခံစာကို အီးအိုင်အေက ရရှိခဲ့ရာ ထိုစာတွင်သဌေးလေးဦးဂိုဏ်းကိုပေးရသောယွမ်ငွေ၁၂၅၀ (အမေရိကန်ဒေါ်လာ၁၂၅) အား ခုတ်ရာနေရာသို့အရောက်တွင်ပေးရခြင်းကိုဖော်ပြထားသည်။ ထို့နောက် ကချင်ပြည်နယ်အတွင်းရှိ နယ်ခြားစောင့်တပ်၊ ကေအိုင်အေနှင့် အစိုးရတပ်တို့ အသီးသီးထိန်းချုပ်သော စစ်ဆေးရေးဂိတ် ခြောက်ခုတို့တွင်လည်း တရုတ်ယဉ်မောင်းများက စုစုပေါင်းယွမ်ငွေ၂၀၀၀ (အမေရိကန်ဒေါ်လာ၃၁၅) ပေးရလေ့ရှိသည်။တရုတ်ကုန်သည်များပြောဆိုသည်မှာသစ်ခုတ်ရေးနှင့်သစ်ပို့ဆောင်ရေးလွယ်ကူရန် အတွက်၄င်းတို့သည်မြန်မာစစ်တပ်အရာရှိများအားရွှေချောင်းများဖြင့်လာဘ်ထိုးထားရကြောင်းပြောကြ၏။ [45]

ရွှီလီမှာကဲ့သို့ပင်တိန်ချောင်ဒေသရှိသယ်ယူပို့ဆောင်ရေးကုမ္ပဏီများသည်တရုတ်နိုင်ငံအတွင်းသို့ကန်ပိုက်တီး ဟူကောင်းနယ်ခြားဖြတ်လာသော သစ်များချောမောစွာရောက်ရှိရေး ဝန်ဆောင်မှုပေးကြသည်။ သစ်ကားတစီး တရုတ်နိုင်ငံဘက်ရှိနယ်စပ်သို့ ချဉ်းကပ်လာသည်နှင့် အဆိုပါ သယ်ယူ ပို့ဆောင်ရေး ကုမ္ပဏီမှ ကိုယ်စားလှယ်များက လိုအပ်သောစာရွက်စာတမ်းများတင်ရန်နှင့် ရှေ့ဆက်သွားနိုင်စေရန် အဆင့်စောင့်နေကြလေ့ရှိသည်။ အဆိုပါ ကုမ္ပဏီများသည် သစ်ပိုင်သော ကုန်သည်ငယ်များ၏ ကိုယ်စား မြန်မာနိုင်ငံမှ သစ်များတင်သွင်းရန် ယူနန်ပြည်နယ်အစိုးရထံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများ ဖြစ်သည်။

ဇန်နဝါရီလဖမ်းဆီးမှုဖြစ်ပြီးနောက်တွင်သစ်သဌေးတဦးကသူသည်တရုတ်ပြည်တွင်းသို့ဒီဇင်ဘာလ၂၀၁၄ အတွင်းအဖမ်းခံနေရာမှသစ်များတင်သွင်းစဉ်ကအခွန်များပေးဆောင်ခဲ့သောကြောင့်သူ၏အလုပ်သမားများကိုလွှတ်ပေးရေးကူညီရန်တိန်ချောင်နယ်အစိုးရအားအကူအညီတောင်းခံခဲ့သည်။ထိုသူတင်ပြသောငွေသွင်းလွှာများတွင်သစ်လုံးများ ၃၃၉လုံးတင်သွင်းခဲ့သည်ဟုဖော်ပြထားပြီးအခွန်ရှင်းလင်းရေးဝန်ဆောင်မှုကိုတိန်ချောင်ဟောင်ကျူကုန်သွယ်ရေးကုမ္ပဏီက ပြုလုပ်ခြင်းဖြစ်သည်။တရုတ်အကောက်ခွန်အချက်အလက်များကဖော်ပြထားရာတွင်လည်းဟောင်ကျူးနှင့်အခြားသယ်ယူပို့ဆောင်ရေးကုမ္ပဏီတခုဖြစ်သောတိန်ချောင်ကျင်း ဟွာကုန်သွယ်ရေးကုမ္ပဏီတို့၏

**အပေါ်စာမျက်နှာပါပုံ** - အဖမ်းခံရသော တရုတ် အလုပ်သမားများ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊ ဇူလိုင် ၂၀၁၅။


**ယာဘက်ပုံ** - လဆန်အော်ဝါ

**အောက်ဝဲဘက်ပုံ** - ဒဖူးဂိုဏ်း အုပ်စုတခုသို့ သစ်ကားသမားက ပေးသော အခွန် ရရှိကြောင်း ပြေစာ

**အောက်ယာဘက်ပုံ** - တိန်ချောင်ရှိ သစ်ကုမ္ပဏီများက ဒေသတွင်း အုပ်ချုပ်သူများထံ သစ်ခုတ်သမား ၁၅၅ယောက် လွှတ်မြောက်ရေးအတွက် ကူညီပေးရန် လက်မှတ်ထိုး တောင်းခံလွှာ။





申请书

申请人：郭位、李自波、张岐金、刘宽庄、肖敬祥、赵有良、王能庆、段其传、杨斌荣、马洪方、刘德庭、石宝、杨如富、余在长、李兴祥、番学能、郭生川、张应、杨荣富、沈富常、杨明楼、赵兴才、王根深。

请求事项：

1、恳请上级相关部门帮助解救被缅甸政府军抓捕的155名伐木工人。

2、帮助解救被缅甸政府军扣押的车辆和工程机械：双桥车469辆、道下材车156辆、小车29辆、挖掘机47辆、吊车40辆、装载机15辆、推土机11辆，总计被扣车辆及工程机械767辆。

3、请求上级相关部门帮与金融部门协调，要求金融部门不再追缴被抓车主、老板的贷款及利息。

事实及理由：

申请人通过向缅甸政府军改编民团前克钦新民主军郭云刚和拉散翁购买龟头山和五台山，交了山价款并签订采伐合同，此手续经缅军或缅军民团控制的口岸办理了合法手续进入林区砍伐。我方到龟头山采伐的人员都到公安部门办理了出境证，每辆车的出入境都向海关办理了合法手续，进入中国的木材都是缅甸军方人员卖给我们，没有缅甸政府军同

## ထူးခြားဖြစ်စဉ်လေ့လာချက်

၂၀၁၄အတွင်းမြန်မာနိုင်ငံမှတင်သွင်းခဲ့သော သာတမလန်းသစ်စုစုပေါင်းသည် ၁၇၉၁၆ တန်ရှိသည်ဟု ဖော်ပြထားသည်။

ထိုသို့အစုလိုက်ဖမ်းဆီးပြီးရုံးတင်လိုက်မှုသည်ဆယ်စုနှစ်ပေါင်းများစွာမှောင်ရိပ်ခိုနေခဲ့သော သာမြန်မာနှင့်တရုတ်အကြားနက်ရှိုင်းသောသစ်ခုတ်ကုန်သွယ်ရေးလုပ်ငန်းကိုမီးမောင်းထိုးပြလိုက်သကဲ့သို့ဖြစ်သွား၏။

ဖမ်းဆီးခံရမှုတွင်မပါဝင်ပဲထွက်ပြေးလွတ်မြောက်လာသောအလုပ်သမားများကဒေသခံသတင်းသမားများကိုပြောရာတွင်လည်း၎င်းတို့၏နယ်စပ်ဖြတ်ကျော်လက်မှတ်တွင်တရုတ်အာဏာပိုင်တံဆိပ်တုံးများထုထားပြီးလမ်းတလျှောက်စစ်ဆေးရေးဂိတ်များမှလည်းငွေလက်ခံဖြတ်ပိုင်းများရှိသောကြောင့်လုပ်နေသောလုပ်ငန်းအားတရားဝင်သည်ဟုပင်ယူဆနေခဲ့သော ကြောင်းပြောခဲ့ကြသည်။သို့ရာတွင်အဆိုပါအကြောင်းမလှသောလုပ်
ငန်းသည်မြန်မာအစိုးရ၏သစ်တောဥပဒေ၊သစ်အလုံးလိုက်တင်ပို့ခွင့်နှင့်တကွယူနန်အစိုးရ၏၂၀၀၆မူဝါဒနှင့်ပါဆန့်ကျင်နေသည်ကိုတွေ့ရမည်ဖြစ်သည်။တရုတ်အာဏာပိုင်များကထိုနိုင်ငံသားများသည်တရားမဝင်သစ်ခုတ်သောကြောင့်အဖမ်းခံရခြင်းဖြစ်ကြောင်းတရားဝင်အသိအမှတ်ပြုခဲ့သော် သော်လည်းစာနယ်ဇင်းများကမူ အဖမ်းခံရသူအလုပ်သမားသည
ိမြန်မာအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားသဘာဝအရင်းအမြစ်အပြိုင်ထုတ်ယူရေးကြိုးစားကြရာမှဓါးစာခံဖြစ်ရသည့်သဖွယ်ပုံဖော်ကြ၏။ဧပြီလ၂၂တွင်အဖမ်းခံရသူအားလုံးကိုလူ့ဝင်မှုကြီးကြပ်ရေးဥပဒေအရထောင်ဒဏ်ခြောက်လချလိုက်ပြီးထိုထက်ကြီးသောပြစ်ဒဏ်များကလည်းရှေ့တွင်ချမှတ်ရန်အသင့်ပြင်နေကြသည်။ [46]

ရွှေ့ဆိုင်းမှုအများအပြားပြုလုပ်ပြီးနောက်ပိုင်းဇူလိုင်လ၂၂ရက်နေ့တွင်မူ၁၅၃ဦးသောတရုတ်အလုပ် သမားများအား ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေနှင့် မူးယစ်ဥပဒေတို့အရ အမြင့်ဆုံးအပြစ်ဒဏ် ထောင်ဒဏ်တသက်တကျွန်း (အများအားဖြင့်နှစ်၂၀) ချမှတ်လိုက်ပြီး အရွယ်မရောက်သေးသူ အခြားနှစ်ဦး အား ထောင်ဒဏ်ဆယ်နှစ်စီချမှတ်ခဲ့သည်။ [47]

သို့သော် ဤအခြေအနေသည် ဇာတ်ရှိန်အမြင့်ဆုံးအချိန်သို့ ရောက်မလာသေးပါ။ ရက်အနည်းငယ်ကြာပြီး နောက်ပိုင်းတရုတ်အစိုးရ၏ အမှုကိစ္စအား သေချာစွာကိုင်တွယ်ဖြေရှင်းရန်နှင့် နိုင်ငံသားများကို တရုတ်နိုင်ငံသို့ အမြန်ဆုံးလွှဲပြောင်းပေးရန်တောင်းဆိုမှု ထွက်ပြီးနောက်တွင် အမှုလမ်းကြောင်းသည်
နောက်ထပ်ဇာတ်ကြောင်းလှည့်သွားပြီး မြန်မာနိုင်ငံ၏ နိုင်ငံတော်အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ဖြင့်အကျဉ်းသား ၆၉၉၆ ယောက်လွှတ်ပေးမှုအတွင်း တရုတ်နိုင်ငံသား၁၅၅ဦးစလုံး ပြန်လည်လွတ်မြောက် လာခဲ့သည်။ [48]
Wတရုတ်အလုပ်သမား၏ မိသားစုများတဖက်တွင် အောင်ပွဲခံကြချိန်တွင် မြန်မာနိုင်ငံရှိ အများစုက ထိုဆုံးဖြတ်ချက်အား လူသိရှင်ကြား ဝေဖန်ကြသည်။ [49] တိန်ချောင်မြို့သို့ ပြန်ရောက်လာသော ထိုအလုပ်သမားများအား အာဏာပိုင်များက သတင်းသမားများနှင့် စကားပြောခြင်းမပြုရန်နှင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်း သွားရောက်ခြင်းမပြုရန် တားမြစ်ခဲ့သည်။

**အောက်ပုံ** - အဖမ်းခံရသော သစ်ခုတ်သမား အများစု နေထိုင်သည့် ဟူကောင်း နယ်စပ်မြို့

**အောက်ဆုံးပုံ** - တသက်တကျွန်း ချခံရပြီးမှ နိုင်ငံတော်သမ္မတပေးသော အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသော တရုတ် သစ်ခုတ်သမားများ






© Minzayar/Initium Meida



© Minzayar/Initium Meida

## တရားမဝင်စီးပွားရေးအတွင်းမှအဖြည့်ခံများ

**အဖမ်းခံရခြင်းမှ ထွက်ပြေးလာသောသစ်ခုတ်သူများနှင့် ကားသမားများက ၎င်းတို့မည်ကဲ့သို့ ခက်ခက်ခဲခဲနယ်စပ်ဖြတ်ကျော် ပြန်ရောက်လာခဲ့ကြောင်းကို စာနယ်ဇင်းများအားပြောပြကြ၏။**

ထိုသူတို့က တောင်တန်းဒေသများကို နေ့ဘက်တွင်နားပြီး ညဘက်တွင် မည်သို့ ဖြတ်သန်းထွက်ပြေး လာရကြောင်းနှင့် ၎င်းတို့ငွေချေး၍ ဝယ်ယူထားခဲ့သော ကုန်ကားများကို မြန်မာစစ်တပ်က သိမ်းယူသွားသောကြောင့် စားဝတ်နေရေး ကြပ်တည်းရကြောင်းများကို ပြောဆိုကြသည်။ အချို့က ၎င်းတို့၏ သဌေးများစစ်တပ်အား လာဘ်ငွေပေးပြီးနောက် မည်သို့လွတ်လာကြောင်းကိုလည်းပြောကြ၏။

ဟူကောင်းရွာသားတဦးက ပြောသည်မှာ ဤတကြိမ်သည် သူ၏ပထမဆုံး မြန်မာပြည်ရောက်ခြင်းဖြစ်ပြီး လမ်းများပြုပြင်ရန်ရည်ရွယ်ချက်ဖြင့် သွားခဲ့သော်လည်း နောင်အခါ သွားတော့မည် မဟုတ်ကြောင်းပြော၏။ သူသည် နှစ်လနေပြီး တရက်လျှင်ယွမ်၃၀၀ (အမေရိကန်ဒေါ်လာ၄၇) ရမည်ဆိုကာ သွားခဲ့ခြင်းဖြစ်ပြီး လမ်းပေါ်တွင် အဖမ်းခံရချိန်တွင် မြန်မာစစ်သားက သူ၏ပိုက်ဆံအိတ်၊ ဖုန်း၊ခါးပတ်နှင့် ဖိနပ်တို့အား လုယူသွားခဲ့သည်ဟုဆိုသည်။ အခြားအဖမ်းခံရသော တရုတ်များအားလုံးလည်း ထိုသို့ အလုပ်ခံရသည်ဟု ဆိုပြီး မည်သည့်ပစ္စည်းမှ ပြန်မရဟုဆိုသည်။ သူ့တွင် နယ်စပ်ဖြတ်လက်မှတ်နှင့် ကုန်ကားတွင်လည်း တရုတ်အာဏာပိုင်များ၏ ခွင့်ပြုချက်လက်မှတ် ပါသော်လည်း မည်သို့တရားမဝင် ဖြစ်ရသည်ကို နားမလည်နိုင်ကြောင်းဆိုသည်။

တိန်ချောင်ရှိ နောက်ထပ်ကားသမားတဦးက ပြောဆိုသည်မှာ သူတို့သည် နေ့ရောညပါ ခြေဗလာဖြင့် ခရီးနှင်ခဲ့ရပြီး လမ်းတွင်အခြားသော အုပ်စုများနှင့် ဆုံခဲ့သည်ဟုဆိုသည်။ သူတို့အတွက် တရုတ်ပြည်ဘက်သို့ ပြန်ရောက်ရန်လေးရက်ကြာခဲ့ပြီး စားစရာဟူ၍လည်း ဘာမျှမရှိပ ချေးငွေဖြင့် ဝယ်ယူထားသော ကုန်ကားများကိုလည်း ထားပစ်ခဲ့ရသဖြင့် အကြွေးသာအဖတ်တင်သည်ဟုဆိုသည်။

အခြားငွေပေး၍ လွတ်မြောက်လာသော သစ်ခုတ်သမားတဦးက ပြောဆိုသည်မှာ ဖမ်းဆီးမှုများ စတင်ချိန်တွင် သူသည် တောတွင်းတွင် ၂ရက်ပုန်းနေခဲ့ပြီး စားစရာမရှိသဖြင့် ဆာလောင်လာ၍ သူ့ကား ထားရာသို့ပြန်လာရာတွင် သေနတ်များဖြင့်ချိန်ကာ အဖမ်းခံခဲ့ရသည်ဟုဆိုသည်။ နောက် ၁၀ ရက်ခန့် ထိန်းသိမ်းခံရပြီးသောအခါတွင် စစ်တပ်အရာရှိအား မြန်မာငွေထောင်ပြပြီး လွှတ်ပေးရန် အချက်ပြရာ ထိုအရာရှိက ရွာတွင်းတရုတ်စကားတတ်သူတဦးကို ခေါ်လာပြီးသူ့အားယွမ်ငွေနှစ်သောင်း ( အမေရိကန် ဒေါ်လာ ၃၁၈၀ ) ပေးလျှင်ထွက်ပြေးသွားသည်ဟု သတင်းပို့ ကာလွှတ်ပေးမည်ဟု ပြောပြီး ငွေပေးသော အခါတွင်လည်း ကတိတည်ခဲ့ကြောင်းဆိုသည်။

အဆိုပါ သက်သေခံထွက်ချက်များသည် အီးအိုင်အေ၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်တလျှောက် ရရှိသောအချက်အလက်များကို အထောက်အကူပြုနေပြီး အလုပ်အကိုင်ရှားပါးမှုကြောင့် တရုတ် အလုပ်သမားများ ကချင်ဘက်တွင် အလုပ်ခေါင်းပုံဖြတ်ခိုင်းစေရေးအတွက် ဆွဲဆောင်ခံရသောအခြေအနေ ကိုလည်းဖော်ထုတ်နိုင်ခဲ့ သည်။ တနေ့လျှင် အမေရိကန်ဒေါ်လာ ၅၀ အောက်ဝင်ငွေဖြင့် လုပ်ရသော အဆိုပါအလုပ်သမားများသည် တရားမဝင်သစ်ခုတ်ခြင်း လုပ်ငန်း၏ ရှေ့တန်းတွင်စွန့်လုပ်ရချိန်၌ တရုတ်ပြည်ရှိ ကုန်သည်သဌေးများက နယ်ခြားဖြတ်ရန်မလိုပဲ အခန့်သားခိုင်းစေကာ အမြတ်များ ရယူနေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ကားသမားများမှာလည်း အတိအကျ အလုပ်တာဝန်များအတွက် စာချုပ်များ လက်မှတ်ထိုးရပြီး စာချုပ်တွင် ဒဏ်ရာရလျှင် ဖြစ်စေသေဆုံးလျှင်ဖြစ်စေ လျော်ကြေးငွေမယ်မယ်ရရ ဖော်ပြထားခြင်းမရှိပေ။ ကားသမားများ အသတ်ခံရခြင်းနှင့် မိုင်းထိသေဆုံးရသည့် အဖြစ်အပျက်များလည်း ရှိနေသည်။ အီးအိုင်အေ၏ စုံစမ်းစစ်ဆေးသူများအား ကားသမားတဦးက ဖြစ်ရပ်တခုကို ပြောပြရာတွင်သူနှင့် အခြားဟူနန်သစ်ခုတ်သမားတစုတို့ တောတွင်းသွားလာနေစဉ် မိုင်းနင်းမိပြီး တစစီဖြစ်ခဲ့သည်ကို တွေ့ခဲ့ရသည်ဟုဆိုသည်။

စစ်သားများ၏ ဖမ်းဆီးခြင်းခံရလျှင် လွတ်မလွတ်မှာ သဌေးများ၏အာဏာပိုင်များကို ငွေပေးမပေး အပေါ်တွင်မူတည်၏။ ဇန်နဝါရီလ ၂၀၁၅ အတွင်း အဖမ်းခံရသောကားသမားများအနက်အချို့သည် ၎င်း၏ သဌေးက တဦးလျှင်ယွမ်ငွေ ၃သိန်း (အမေရိကန်ဒေါ်လာ၄၆၀၀၀) လာဘ်ထိုး သောကြောင့် ပြန်လည် လွတ်မြောက်လာသည်ဟု ဆိုသည်။ အချို့ အခြေအနေများတွင် လာဘ်ယူသူအား ကတိဖျက်ရန် အတွက်ပင် ငွေကြေးပေးရသလို အခြေအနေများရှိသည်ကိုလည်း တွေ့ခဲ့ရသည်။[50]

ကားသမားတဦးကပြောသည်မှာ သူသည် မြန်မာစစ်တပ်၏ သေနတ်ပြောင်းများအောက်တွင် လက်ထိပ်ခတ်အဖမ်းခဲခဲ့ရပြီး သူ၏သဌေးက ယွမ်ငွေငါးသောင်း (အမေရိကန်ဒေါ်လာ၇၈၀၀) လာဘ်ထိုး သောအခါတွင်မှ လွတ်မြောက်လာသည် ဟုဆိုသည်။ အဆိုပါ ကားသမားကပင် ပြောဆိုသည်မှာ သူတို့ကဲ့သို့တရုတ်များသည် မြန်မာပြည်တွင်းမှ ပစ္စည်းများခိုးယူရန်လာသည်ကို မြန်မာများက ထိုထက်လျှော့ပေါ့ပြီး ဆက်ဆံမည်ကို မမျှော်လင့်နိုင်ပဲ ဖမ်းမည်သာဖြစ်သည်ဟု ဆိုသည်။ ပိုင်ရှင် အစစ် သဌေးများကို မည်သူမျှ ဖမ်းလိမ့်မည် မဟုတ်ပဲ ထို သဌေးများမှာလည်း မြန်မာပြည်တွင်းသို့ မဝင်ဟု အဆိုပါ ကားသမားကပင် ဆို၏။



# တရုတ်နိုင်ငံ၏အခန်းကဏ္ဍ

ရှန်ဇန် ဂွမ်လန်ဈေးရှိ တရုတ် ဟောင်မူး သစ်ထုတ်လုပ်ရေး လုပ်ငန်းအတွက် တမလန်းသစ်များ

၂၀၁၂ခုနှစ်တွင် အီးအိုင်အေ၏ သုတေသနများက ဖော်ထုတ်နိုင်ခဲ့သည်မှာ တရုတ်နိုင်ငံသည် တရားမဝင်သစ်အများဆုံး တင်သွင်းအသုံးပြုသောနိုင်ငံဖြစ်သည် ဆိုသည့်အချက်ဖြစ်သည်။ တရုတ်သည် ၂၀၁၁ တွင် အမေရိကန်ဒေါ်လာ ၃.၇ ဘီလီယံတန်ကြေးရှိသော ၁၈.၅ သန်း ကုဗမီတာရှိသော တရားမဝင် သစ်လုံးနှင့် ခါးရွေသစ်လုံးများကို တင်သွင်းခဲ့ပြီး ၎င်းမှာ နိုင်ငံ၏ သစ်တင်သွင်းမှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း ရှိ၏။ [51]

အဆိုပါတွေ့ရှိချက်များကို ၂၀၁၅လေ့လာမှုတခုက ထပ်မံအတည်ပြုပေးခဲ့ပြီး သစ်များကို အဓိက ထုတ်လုပ်သုံးစွဲသည့် ၁၀ နိုင်ငံသို့ ဝင်ရောက်သည့်တရားမဝင်သစ်များသည် ၂၀၀၀-၁၃ ကာလအတွင်း ကုဗမီတာ သန်း ၆၀ အထိရှိခဲ့ပြီး ၎င်း၏ ထက်ဝက်မှာ တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့ ကြောင်းတွေ့ရှိရသည်။ [52] Tထိုအစီရင်ခံစာအရ တွေ့ရှိရသည်မှာ တရုတ်နိုင်ငံသည် တင်သွင်းသောသစ်အများအပေါ်တွင် အခြားနိုင်ငံ ဈေးကွက်များထက် တင်းကြပ်မှုလျော့နည်းပြီး နိုင်ငံတကာ သစ်ခိုးခုတ်မှု တားဆီးရေးအားနှောင့်နှေး စေကြောင်းတွေ့ရသည်။ [53]

တရုတ်နိုင်ငံ၏ နိုင်ငံတကာ သစ်ခိုးခုတ်မှုများ တိုးပွားစေရခြင်း အကြောင်းရင်းများမှာ ပြည်တွင်းတွင် တန်ဖိုးကြီးသစ်များအတွက် ဝယ်လိုအားတက်လာခြင်း၊ ပို့ကုန်အသားပေးသော သစ်အချောထည် လုပ်ငန်းများတွင် ဈေးပေါသောကုန်ကြမ်း လိုအပ်ချက် တက်လာခြင်းနှင့် ဝင်လာသော သစ်များတွင် တရားမဝင်သစ်များကို ဖယ်ထုတ်နိုင်သည့်စည်းမျဉ်းဥပဒေမရှိမှု တို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံသည် တရုတ်ဈေးကွက်အတွက် ကုန်ကြမ်းသစ်လုံးများပေးနေသော အဓိကအရင်းအမြစ်ဖြစ်နေ၏။ ၂၀၀၀-၁၄ ခုနှစ်ကြားတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံတန် သစ်ကုဗမီတာ ၁၁ သန်း တင်သွင်းခဲ့သည်။ ထိုစုစုပေါင်းတွင် ၄၀% မှာ တမလန်းသစ်ဖြစ်ပြီး ၂၀% သည် ကျွန်းသစ်များဖြစ်ကြသည်။ [54] ၎င်းတို့၏ထက်ဝက်တန်ဖိုးရှိသောသစ်များတင်သွင်းမှုသည် ၂၀၁၂-၁၄ အတွင်းမှာပင်ဖြစ်ပြီး တန်ဖိုးကြီးတမလန်း သစ်ကုန်သွယ်မှုတဟုန် တိုးမြင့်တက်လာသည်ကို ဖော်ပြနေသည်။

၂၀၁၄ မြန်မာအစိုးရက သစ်အလုံးလိုက်တင်ပို့မှု ပိတ်ပင်လိုက်ချိန်တွင် နိုင်ငံသည် ပမာဏအားဖြင့် တရုတ်သို့ သစ်လုံးပဋ္ဌမမြောက် အများဆုံးတင်ပို့သည့် နိုင်ငံဖြစ် နေ့ခဲ့သည်။ [55] Tဟောင်မူး သို့မဟုတ် တမလန်းသစ်ဖြင့်လုပ်သော ပရိဘောဂများ ဝယ်လိုအားမြင့်တက်လာခြင်းသည် ထိုသို့ အများဆုံး ဖြစ်သွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ၂၀၁၄ နှစ်ဦးပိုင်း ရောက်သည့်အချိန်တွင် မြန်မာနိုင်ငံသည် တရုတ်သို့ ဟောင်မူးသစ်လုံးအများဆုံး တင်ပို့သောနိုင်ငံဖြစ်လာခဲ့ပြီး အမေရိကန် ဒေါ်လာ သန်း ၃၅၀ တန်သော ကုဗမီတာ ၂၁၀၀၀၀ သန်းရှိ သစ်လုံးများတင်သွင်းခဲ့သည်။

## တရုတ်၏ မလုံလောက်သောမူဝါဒ တုန့်ပြန်မှု

အခြားသစ်ထုတ်လုပ် သုံးစွဲသည့်ဈေးကွက်များကဲ့သို့မဟုတ်ပဲ တရုတ်နိုင်ငံသည် တရားမဝင်ခုတ်ထားသော သစ်များကိုတားဆီးရန် လိုအပ်သောစည်းမျဉ်းများကို မချမှတ်နိုင်ခဲ့ ပ။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က တရားမဝင်သစ်တိုက်ဖျက်ရေးအတွက် စည်းမျဉ်းများ ထုတ်နေချိန်တွင် တရုတ်နိုင်ငံက ထိရောက်မှုမရှိသော သဘောအလျောက် လိုက်နာရမည့်စည်းကမ်းများကိုသာ ထုတ်ပြန်ခဲ့သည်။ အဆိုပါစည်းကမ်းများသည် ပြည်တွင်း တင်သွင်းသူများထက် တရုတ်နိုင်ငံပြင်ပရှိ သစ်လုပ်ငန်းများ အတွက်ကိုသာရည်ရွယ်ရင်းရှိပြီး တရုတ်အစိုးရ ပြောနေကျဖြစ်သော တရားမဝင်သစ်ပြဿနာသည် သစ်ထုတ်ရာနိုင်ငံများ၏ ပြဿနာသာဖြစ်သည် ဟူသောအပြောနှင့်လည်း ဟပ်မိအောင်ပြုလုပ်ထားသည်။

၂၀၀၇မှစပြီး တရုတ်အစိုးရသည် နိုင်ငံအပြင်ဘက်တွင် လုပ်ကိုင်နေသောသစ်လုပ်ငန်းများအတွက် လိုက်နာရမည့် စည်းကမ်းသုံးခုကို ထုတ်ပြန်ထားခဲ့သည်။ ဤသည်တို့အနက် မည်သည့်စည်းကမ်းကမှ နိုင်ငံအတွင်း ဝင်ရောက်သော တရားမဝင်သစ်များကို တားခြင်းမရှိခဲ့ ချ။ ဥပမာအားဖြင့် ၂၀၁၃ မေလ တွင် ပန်ဘာဒေသ၊



ရှန်ဇန် ဂွမ်လန်ဈေးရှိ တန်ဖိုးကြီး တမလန်းသစ်များ



တရုတ်နိုင်ငံတွင် တန်ဖိုးကြီး ပောင်မူး ပရိဘောဂများ ပြသထားပုံ

မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်းတွင် ကျင်းပသော တရုတ်ကုမ္ပဏီများအတွက် ၂၀၁၉ နိုင်ငံပြင်ပတောတောင ထိန်းသိမ်းခန့်ခွဲရေးလုပ်ငန်းစဉ်များအပေါ်တွင် အဓိကထားသော ကုမ္ပဏီများ အတွက် သင်တန်းတခုကျင်းပခဲ့သည်။ တလကြာသောအချိန်တွင်ပင် ထိုသင်တန်းတက်ခဲ့သော ကုမ္ပဏီတခုသည် တရားမဝင်သစ်များတင်ပို့ရန် ကြိုးစားမှုဖြင့်အဖမ်းခံခဲ့ရသည်။

လတ်တလောအားဖြင့် တရုတ်၏ နိုင်ငံသစ်တောခန့်ခွဲရေးနှင့် စီးပွားကူးသန်းဝန်ကြီးဌာနတို့က နိုင်ငံပြင်ပရှိ တရုတ်လုပ်ငန်းများအတွက် သစ်တောထွက်ကုန်များကုန်သွယ်မှုနှင့် ရင်းနှီးမြုပ်နှံမှုကြောင့် ပတ်ဝန်းကျင် မထိခိုက်စေရေး စည်းကမ်းများ ရေးဆွဲနေ၏။ ထိုစည်းကမ်းများသည် သဘောတရားအားဖြင့် တရုတ်သစ်ကုမ္ပဏီများနှင့် အဓိကအားဖြင့် နိုင်ငံပြင်ပရှိသစ်ကုန်သည်များအတွက် မဖြစ်မနေ လိုက်နာရမည့်စည်းကမ်းများ ဖြစ်လာမည် ဖြစ်သည်။ သို့ရာတွင် အဆိုပါစည်းကမ်းများသည် ဆန္ဒအလျောက် လိုက်နာရမည့်စည်းကမ်းများသာ ဖြစ်နေပြီး မလိုက်နာမှုအတွက် နောက်ဆက်တွဲပြစ်ဒဏ် ထည့်သွင်းထားခြင်းမရှိသလို ပြည်တွင်းရှိ တင်သွင်းသူများနှင့် ကုန်သည်များအတွက်လည်း သက်ဆိုင်ခြင်းမရှိပေ။

တရုတ်၏ နိုင်ငံသစ်တောခန့်ခွဲရေးသည် ၂၀၁၉ မှစပြီး တရုတ်သစ် တရားဝင်စစ်ဆေးရေးစနစ်အား အကောင်အထည်ဖော်နေ၏။ ထိုစနစ်တွင် ပုံစံနှစ်မျိုးအားစဉ်းစားနေကာ တင်သွင်းသူနှင့် အစိုးရအကြား နှစ်ဘက်သဘောတူညီမှု သို့မဟုတ် ကုမ္ပဏီများဘက်မှ သစ်တောကုန်သည် အသင်းများမှတဆင့် ဆန္ဒအလျောက်လိုက်နာဆောင်ရွက်ရေး ပုံစံတို့ဖြစ်ကြသည်။

ထိုဖြစ်စဉ်၏ နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သစ်တောရေး အကြီးအကဲများသည် နှစ်နိုင်ငံပေါင်း တရားဝင်သစ် အတည်ပြုရေးစနစ် ပေါ်ထွက်နိုင်ရေးအတွက် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံခြင်းအားဖြင့် နှစ်ဘက်အမြင်များနှင့် အချက်အလက်များ ဖလှယ်နိုင်သည်မှာ ကြိုဆိုစရာဖြစ်သော်လည်း တရုတ်ဘက်မှ မြန်မာပြည်၏ သစ်အလုံးလိုက်တင်ပို့မှု ပိတ်ပင်ခြင်းအား အထောက်အကူပြုရန် အခြေအနေအား သဘောတူညီချက် မရနိုင်သေးပဲ ဖြစ်နေသည်။ အမှန်တကယ်တွင် နှစ်ဘက်စလုံး၌ ကွဲပြားနေသောအမြင်များ ရှိနေပြီး မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံအား ဝင်လာသော တရားမဝင်သစ်များကို တားဆီးပေးရန် ဆန္ဒရှိချိန်တွင် တရုတ်နိုင်ငံဘက်မှ သစ်ကုန်သွယ်မှု အားတရားဝင်ဖြစ်ရေးကိုသာ အားသန်နေကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် ၂၀၁၅ ဇွန်လတွင် ကချင်ပြည်နယ်မြစ်ကြီးနားမြို့တွင် ကျင်းပသော ထိုတွေ့ဆုံမှုမျိုးတွင် ကချင်ပြည်နယ်သစ်တောဦးစီးဌာနက တရားမဝင်သစ်အရင်းအမြစ်များတားဆီးရေးဟု အမည်တပ်လို သော်လည်း နောက်ပိုင်းတွင် သစ်များတရားဝင် ဖြစ်စေရေးအားပေးမှု ဆွေးနွေးပွဲအဖြစ် အမည်ပြောင်းတပ်ခဲ့ရသည်။ [56]

မြန်မာနိုင်ငံဘက်မှ ထိပ်တန်းသစ်တောအရာရှိကြီးများကလည်း တရုတ်နိုင်ငံဘက်မှ တရားမဝင် သစ်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် ကူညီမှုမရှိသည်ကို မလိုလားကြောင်း လူသိရှင်ကြားပြောဆိုခဲ့ ကြသည်။ ၂၀၁၄ နိုဝင်ဘာလတွင် မြန်မာသစ်တောဝန်ကြီးဌာန အရာရှိတဦးက ၄င်းသည် တရုတ်သစ်တောရေးကြီးကြပ်မှုအဖွဲ့နှင့် ယူနန်ပြည်နယ်အစိုးရတို့အား မြန်မာနိုင်ငံမှ တရားမဝင်သစ်များ တင်သွင်းမှုကို ပိတ်ပင်ရန်တောင်းဆိုခဲ့သည်ဟု ဆိုသည်။ ထိုအရာရှိက ဆက်ပြောသည်မှာ တရုတ်ဗဟိုအစိုးရသည် တရားမဝင်သစ်ကုန်သွယ်မှုကို အားပေးသည့် အရိပ်အယောင် မရှိသော်လည်း ယူနန်နယ်အစိုးရသည် ဒေသခံများ၏ အလုပ်အကိုင်နှင့် စက်ရုံများကုန်ကြမ်းရရေး အဓိကထားနေကြောင်း ပြောဆိုခဲ့သည်။ [57]

၂၀၁၅မေလတွင်လည်းသစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးတဦးကစာနယ်ဇင်းများအား၄င်းသည်တရုတ်ပြည်သို့သွားတိုင်းတဖက်မှအရာရှိများကလုပ်နိုင်သည်များလုပ်ပေးမည်ဟုကတိခံသော်လည်းမည်သည့်ထိရောက်သောလုပ်ဆောင်ချက်များကိုမှမတွေ့ရသေးဟုဆိုသည်။ [58]

"တရုတ်နိုင်ငံသည်တင်သွင်းသောသစ်အများအပေါ်တွင်အခြားနိုင်ငံဈေးကွက်များထက်တင်းကြပ်မှုလျော့နည်းပြီးနိုင်ငံတကာသစ်ခိုးခုတ်မှုတားဆီးရေးအားနှောင့်နေးစေကြောင်းတွေ့ရသည်။ "

# အကြံပြုချက်များ

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံခြားနယ်စပ်ဖြတ်ကျော်ကုန်းကြောင်းဖြင့် အကြီးအကျယ် တရားမဝင် သစ်ကုန်သွယ်မှုသည် အရေးပါသော သစ်တောများကို ဖျက်စီးခြင်း၊ ဒေသခံများ၏ ဘဝကိုခြိမ်းခြောက်နေခြင်း၊ ပဋိပက္ခများကို ဖြစ်ပွားစေခြင်း၊ လာဘ်စားခြင်းကိုအားပေးခြင်းတို့ကို ပေါ် ပေါက်နေစေပါသည်။ အစိုးရနှစ်ဘက်လုံး သည် ဖြစ်ပျက်နေသည်ကို အရှိန်တန့်စေရေး အရေးတကြီး လုပ်ဆောင်မှုများ ပြုရန်လိုအပ်နေပါသည်။

တရုတ်နိုင်ငံအစိုးရကပြုလုပ်သင့်သည်များမှာ။။

- မြန်မာနိုင်ငံ၏ သစ်အလုံးလိုက်တင်ပို့မှု ပိတ်ပင်ခြင်းအား အထောက်အကူပြုရန် အပြန်အလှန် စည်းကမ်းချက်များထုတ်ရန်
- တင်သွင်းလာသော တရားမဝင်သစ်များအားလုံးအတွက် ရှင်းလင်းသော တရားဝင်တားမြစ်ခြင်း ပြုရန်
- ရှားပါးသစ်များအား ဝယ်လိုအားတောင်းဆိုနေသော တရားမဝင်သစ်များနှင့် ကုန်သွယ်နေသည့် ဟောင်မူးပရိဘောဂလုပ်ငန်းများအား ပြုပြင်ပြောင်းလဲရန်
- ဘီဒီဝိုင်အေ အစရှိသောနယ်စပ်သစ်ကုန်သွယ်မှုတွင် အရှိန်အဝါကြီးပြီး အဆက်အသွယ် ကောင်းသည့်ကြားလူပွဲစားများ၏ အပြုအမူများကိုစုံစမ်းစစ်ဆေးရန်

မြန်မာနိုင်ငံအစိုးရကပြုလုပ်သင့်သည်များမှာ။။

- ပြည်ပတင်ပို့သော သစ်ဈေးကွက်၊ အထူးသဖြင့် တရုတ်နိုင်ငံသို့တင်ပို့သော သစ်ဈေးကွက်နှင့် ပတ်သက်သော သစ်တောနှင့် သစ်ကုန်သွယ်ရေးဥပဒေများကို ရှင်းလင်းအောင်ပြုရန်
- လက်ရှိနိုင်ငံတွင်း သစ်တောအခြေအနေများကို အပြည့်အဝ မစစ်ဆေးနိုင်ခင်ကာလအတွင်း နိုင်ငံတဝှမ်းသစ်ခုတ်မှုများကို လျှော့ချရန်
- သယံဇာတများရှိသော ပဋိပက္ခများဖြစ်နေသည့်ဒေသများတွင် တွေ့ဆုံဆွေးနွေးရေးအတွက် လမ်းစဉ်တခု ချမှတ်ရန်
- သစ်တောဥပဒေ အုပ်စိုးမှုနှင့် ကုန်သွယ်မှုများဆိုင်ရာ ဆွေးနွေးပွဲများ ဥရောပသမဂ္ဂနှင့် ပြုလုပ်ရာ တွင် တိုင်းရင်းသားဒေသများမှ ကိုယ်စားလှယ်များအပါအဝင် ဘက်ပေါင်းစုံမှ ပါဝင်လာရေး ဆက်လက်ကြိုးပမ်းရန်
- မြန်မာ့သစ်လုပ်ငန်း၏ လက်ရှိအခန်းကဏ္ဍဖြစ်သော သစ်ခုတ်မှုများကို ကြီးကြပ်ရသည့် အခြေအနေအား ပယ်ဖျက်ရန်နှင့် ပါဝင်ပတ်သက်နေသူအားလုံးအတွက်လည်း ပွင့်လင်းမြင်သာ သော အချက်အလက်များရစေရေး ကြိုးပမ်းရန်
- တမလန်းနှင့် ပိတောက်တို့ကို ကုလသမဂ္ဂရှားပါးမျိုးစိတ်များ နိုင်ငံတကာကုန်သွယ်မှု သဘောတူညီချက် နောက်ဆက်တွဲအပိုင်း ၃တွင် ထည့်သွင်းရန်

# ကိုးကားစာများ


1. Critical Ecosystem Partnership Fund, Ecosystem profile Indo-Burma biodiversity hotspot, 2012
2. WWF, Living Forests Report, 2015
3. Environmental Investigation Agency, Routes of Extinction, 2014
4. Food and Agriculture Organisation of the United Nations, Global Forest Resources Assessment, 2010
5. WWF 2013 op cit
6. Hansen et al, High-resolution global maps of 21st century forest cover change, Science, 15 November 2013
7. FAO 2011; CEPF 2012; WWF 2015
8. Forest Trends, Timber trade flows and actors in Myanmar, 2013
9. EIA, Appetite for Destruction, 2012
10. EIA, pers comm confidential, 2015
11. NepCon, Myanmar Forest Sector Legality Analysis, 2013
12. Nepcon 2013, op cit
13. Forest Trends, 2013, op cit
14. NepCon, 2013, op cit
15. Transparency International, Corruption Perceptions Index, 2014
16. Eleven Media, 700 corrupt forestry officials targeted, May 23, 2015
17. Forest Trends, Timber Trade Flows and Actors in Myanmar, 2013
18. Myanmar Times, US to waive timber sanctions for one year, August11, 2014
19. Eleven Media, Myanmar seized 35,000 tons of illegal timber over past nine months, January 19, 2014
20. Eleven Media, Over 20,000 tonnes of timber seized in three months to July, August 11, 2014
21. The Guardian, Chinese loggers among 7,000 prisoners released in Burma, July 30, 2015
22. EIA Myanmar's Rosewood Crisis, 2014
23. World Resources Institute, Logging Burma's Frontier Forests, 1998
24. European Forest Institute, Myanmar Baseline Study, 2011
25. Global Witness, A Disharmonious Trade, 2009
26. Eric Tagliacozzo and Wen Chin-Chang, Chinese Circulations, 2011
27. Office of Yunnan Provincial People's Government, Interim measures to manage timber and mineral cooperation between Myanmar and Yunnan Province, May 11, 2006
28. Global Witness, 2009, op cit
29. Forest Trends, Analysis of the China-Myanmar Timber Trade, 2014
30. National Geographic, Myanmar's pending ceasefire jeopardised by skirmishes over illegal logging, May 20, 2015
31. EIA, Myanmar's Rosewood Crisis, 2014
32. Global Witness, A Choice for China, 2005
33. EIA, Appetite for Destruction, 2012
34. Global Witness, 2009, op cit
35. National Geographic, 2014, op cit
36. Kevin Woods, Ceasefire Capitalism: military-private partnerships, resource concessions and military state-building in the Burma-China borderlands, 2013
37. Global Witness, 2009, op cit
38. China Trade Information 2015
39. EIA, pers comm confidential, June 2015
40. CTI, 2015, op cit
41. Tencent News, The trapped loggers returned home after crossing ranges of mountains, January 23, 2015
42. Global Witness, 2009, op cit
43. Baoshan Investment, government website, Tengchong border cooperation zone project, 2014
44. Paul Keenan, By Force of Arms: Armed Ethnic Groups in Burma, 2013
45. Phoenix news, Chinese traders: the Burmese officials demanded gold bars for logging, August 6, 2015
46. Myanmar Times, Chinese timber smugglers face additional charges, April 28, 2015
47. Myanmar Times, Chinese smugglers hit with life terms, July 23, 2015
48. The Guardian, Chinese loggers among 7,000 prisoners released in Burma, July 30, 2015
49. The Irrawaddy, Questions raised as Chinese loggers cut loose, July 30, 2015
50. Want China Times, Cutting down Myanmar's forests a hard knock life for Chinese, February 19, 2015
51. EIA, 2012, op cit
52. Chatham House, Tackling Illegal Logging and the Related Trade: What Progress and Where Next, 2015
53. The Diplomat, China: The cause of (and solution to?) illegal logging, July 21, 2015
54. EIA, Analysis of Global Trade Atlas data, August 2015
55. Global Trade Atlas, August 2015
56. Eleven Media, Timber smuggling thrives in Kachin, June 5, 2015
57. Eleven News, Domestic issues blamed on Chinese failure to block illegal timber trade, November 9, 2014
58. Myanmar Times, Public urged to help fight illegal logging, May 25, 2015







ENVIRONMENTAL INVESTIGATION AGENCY (EIA)

62/63 Upper Street
London N1 0NY, UK
Tel: +44 (0) 20 7354 7960
Fax: +44 (0) 20 7354 7961
email: ukinfo@eia-international.org

www.eia-international.org

EIA – WASHINGTON, DC

PO Box 53343
Washington, DC 20009 USA
Tel: +1 202 483-6621
Fax: +1 202 986-8626
email: info@eia-global.org

www.eia-global.org


eia environmental investigation agency